မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး စည်ပင်သာယာရေးဝန်ထမ်းများ ကျရာကဏ္ဍမှတက်ကြွစွာပါဝင် မိမိတို့ဆောင်ရွက်ပေးရမည့်လုပ်ငန်းတာဝန်များ အမျိုးသားရေးလုပ်ငန်းများအဖြစ်ခံယူ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်(၂၄၅)ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမဦးကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျေးလက်ဒေသ အကောင်းဆုံးမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆုနှင့် အကောင်းဆုံး စံပြမြို့နယ်ဆုရရှိကြသော မြို့နယ်များအား ဆုများပေးအပ်ချီးမြှင့်သည်။

လူမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး

❒ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသ စံပြအိမ်ရာများကို ရှေ့ပြေးစီမံကိန်း (Pilot ˚Pr oject)လုပ်ငန်းအဖြစ်ဆောင်ရွက်ခဲ့ရာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အိမ်အလုံးရေ ၁၆၀၉ လုံးကို ဆောက်လုပ်ပေးနိုင်ခဲ့။

❒ စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူမှုဘဝအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးကြီးကြပ် စီမံအုပ်ချုပ်ဆောင်ရွက်ရသည့် အဖွဲ့အစည်းများပင်ဖြစ်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၁၇ ရက်)

တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက် အဖျက်ရန်စွယ် အန္တရာယ်မှန်သမျှ ဝိုင်းဝန်းဖယ်ရှား

နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ခြင်းတို့သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ကိုယ်ပိုင်စွမ်းအားများအပေါ် အခြေခံကာ နိုင်ငံတော်နှင့် ပြည်သူတက်ညီလက်ညီ လုပ်ဆောင်နိုင်ခဲ့ကြ၍ ဖြစ်သည်။

တစ်နည်းဆိုရလျှင် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကြိုးစားပမ်းစား ရည်မှန်းချက်ရှိရှိ၊ အစီအစဉ်ရှိရှိ ဦးစီးလုပ်ကိုင်နေမှုနှင့်အတူ ပြည်သူများကလည်း ဦးထမ်းပဲ့ထမ်းပြီး ပူးပေါင်းလုပ်ကိုင်တတ်သည့် အလေ့အထများ ရှိနေကြသောကြောင့် ဖြစ်သည်။

ထို့အပြင် အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အပြုနှင့်အဖျက်များကို တိုင်းရင်းသားပြည်သူအားလုံးက ကိုယ်ပိုင်အတွေ့အကြုံနှင့် သင်ခန်းစာများအရ ကွဲကွဲပြားပြား သိမြင်နေပြီ ဖြစ်သည့်အတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းကြောင်းမှန်ကို နိုးကြားတက်ကြွစွာဖြင့် ဇွဲ၊ သတ္တိ၊ သတိတို့ လက်ကိုင်ထား၍ ဆက်လက်ချီတက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မေလ၆ရက်နေ့က မကွေးတိုင်း သရက်ခရိုင် သရက်မြို့သို့ရောက်ရှိပြီး သရက်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင်–

“ပြည်သူများ ဝမ်းဝ ခါးလှအောင်၊ ပြည်သူများ အမှားအမှန် ဆင်ခြင်သုံးသပ်နိုင်သည့် ပညာရည်ရှိအောင် မိမိတို့လက်ထက်၌ ဖန်တီးပျိုးထောင်နိုင်ရန် အရေးကြီးကြောင်း၊ သို့မှသာ မိမိတို့နှင့် လိုက်လျောညီထွေသည့် အနာဂတ်ဒီမိုကရေစီ လူနေမှုစနစ်တစ်ရပ်ကို ခိုင်မာစွာ ထူထောင်သွားနိုင်မှာဖြစ်ကြောင်း”

ပြောကြားသွားသည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် နိုင်ငံဖြစ်၍ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမှားအမှန်၊ အကောင်းအဆိုး ခွဲခြားသိမြင်ကာ နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်စေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ရာ၌ အဖျက်အန္တရာယ်နှင့် အဖျက်သမားတို့၏ သဘောသဘာဝကို နားလည်သိမြင်ပြီး ကြိုတင်တားဆီးကာကွယ်ကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်၍ ကြံစည် အားထုတ်နေသည့် အဖျက်အမှောင့်လုပ်ရပ်များ ပေါ်ပေါက်လျက်ရှိပြီး ပြည်ပပယောဂ၊ ပြည်ပဖိအားပေးမှုများနှင့်ယှဉ်၍ လှုပ်ရှားလာလျက်ရှိသည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် နိုင်ငံတော် တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သစ္စာရှိရှိ၊ သမာဓိရှိရှိ ကြိုးကြိုးစားစားလုပ်ကိုင်ရင်း အဖျက်အန္တရာယ်များ ကျဆုံးသွားစေရန်ကိုလည်း ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် တိုင်းရင်းသား ပြည်သူများသည် တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရင်း အဖျက်ရန်စွယ် အန္တရာယ်မှန်သမျှကို စည်းလုံးညီညွတ်မှုအားဖြင့် ဝိုင်းဝန်းဖယ်ရှားသွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

နိုင်ငံခြားသားများ အန်ကောဝပ် ဘုရားကျောင်းဝင်ကြေး ရှေ့လမှစတင်ပြီး တိုးမြှင့်သွားမည်

ဖနောင်ပင် မေ ၁၅

ကမ္ဘာ့ထင်ရှားကျော်ကြားသော အဆောက်အအုံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောဝပ်ဘုရားကျောင်းသို့ နိုင်ငံခြားသားများအတွက် ဝင်ကြေးကို ရှေ့လ၌တိုးမြှင့်မည်ဖြစ်ကြောင်း အက်ပ်ဆာရာအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

လက်ရှိဝင်ကြေးမှာ လက်မှတ်တစ်စောင် တစ်ရက်အတွက်ဒေါ်လာနှစ်ဆယ်ဖြစ်ပြီး ဇွန် ၁ရက်မှစပြီး ၂၃ဒေါ်လာ ဖြစ်မည်ဟု အဆိုပါအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ ထို့ပြင် သုံးရက်အတွက် လက်မှတ်တစ်စောင်လျှင် လက်ရှိဒေါ်လာ ၄၀မှ ၄၃ဒေါ်လာဖြစ်ပြီး တစ်ပတ်အတွက် လက်မှတ်တစ်စောင်လျှင် ဒေါ်လာ ၆၀မှ ၆၃ဒေါ်လာသို့ တိုးမြှင့်မည်ဖြစ်သည်။ ယင်းသို့ဝင်ကြေးတိုးမြှင့်မည်ဖြစ်ကြောင်း ပြည်တွင်းခရီးသွားအဖွဲ့အစည်းများက အတည်ပြုထားကြပြီး ကမ္ဘာလှည့်ခရီးသည်များအား ထိခိုက်မည်ကို စိုးရိမ်ကြောင်း ဝမ်လီခရီးသွားလုပ်ငန်း အထွေထွေညွှန်ကြားရေးမှူး တီကန်က ပြောကြားသည်။ ၂၀၀၃ခုနှစ် တစ်နှစ်တည်း အန်ကောဝပ်၌ လက်မှတ်ရောင်းချရရှိသည့် ဝင်ငွေသည် ဒေါ်လာ၉ဒသမ၄သန်းထိရှိခဲ့ပြီး လက်မှတ် ၃၂၁၅၅၇စောင် ရောင်းချခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လေးမြွှာပူး ဖန်ပြွန်သန္ဓေသား နီပေါ၌ အောင်မြင်စွာ မွေးဖွား

ခတ္တမန္ဒူ မေ ၁၅

ဖန်ပြွန်သန္ဓေသား နည်းပညာ ဖြင့် ကိုယ်ဝန်ဆောင်ခဲ့သည့် နီပေါ အမျိုးသမီးတစ်ဦးသည် နီပေါနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံတစ်ခု၌ မေ ၁၁ရက် ဗုဒ္ဓဟူးနေ့က လေးမြွှာပူးမွေးဖွားနိုင်ခဲ့သည်ဟု အဆိုပါဆေးရုံမှ ဆေးရုံအုပ်ကြီးက ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက မေ၁၂ရက်တွင် ဖော်ပြသည်။

နီပေါနိုင်ငံခတ္တမန္ဒူမြို့တွင်နေထိုင်သည့် ပါရာမွတ်ဟာဆာဘာဂျရာချယာ၏ ဇနီးဖြစ်သူ အာမီယာဘာရာချယာသည် သားသုံးဦးနှင့် သမီးတစ်ဦးကို မွေးဖွားခဲ့ကြောင်း အွမ်ဆေးရုံနှင့် သူနာပြုလုပ်ငန်း၏ ဥက္ကဋ္ဌ ဖြစ်သူနှင့် မီးယပ်သားဖွားပါရဂူ ဘိုလာရီဂျယ်က ပြောကြားသည်။

အဆိုပါ ကလေးငယ်များသည် ကမ္ဘာပေါ်တွင် ဖန်ပြွန်သန္ဓေသားနည်းပညာဖြင့် မွေးဖွားသည့် ဒုတိယမြောက် လေးမြွှာပူးကလေးငယ်များဖြစ်ကြောင်း မီးယပ်သားဖွားပါရဂူ ဘိုလာရီဂျယ် ကပြောကြားသည်။

ပုံမှန်အနေအထား

ယခုမွေးဖွားလိုက်သည့် ကလေးငယ်များ၏ ခန္ဓာကိုယ်အလေးချိန်များမှာ ၁ ဒသမ ၇ကီလိုဂရမ်၊ ၁ ဒသမ ၁ ကီလိုဂရမ်၊ ၁ ဒသမ ၆ ကီလိုဂရမ်နှင့် ၁ ဒသမ ၈ကီလိုဂရမ်တို့ အသီးသီးရှိကြကြောင်း၊ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးလည်း ပုံမှန်အနေအထားရှိကြောင်း ရီဂျယ်က ပြောကြားသည်။

ငါးမြွှာပူး

ယခုမွေးဖွားလိုက်သည့် ကလေးများ၏ မိခင်အာမီယာဘာရာချယာသည် ကနဦးက ငါးမြွှာပူးသန္ဓေသားများကို ကိုယ်ဝန်ဆောင်ထားခဲ့ကြောင်း သို့သော် ငါးဦးမြောက်သန္ဓေသားမှာ လိုအပ်သောကြီးထွားမှုမရှိဘဲ အသက်မရှင်သန်နိုင်ခဲ့ကြောင်းလည်း ရီဂျယ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နှင့်စပိန်လေကြောင်းပျံသန်းရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

ရှန်ဟိုင်း မေ ၁၅

စပိန်နိုင်ငံမြို့ကြီးများနှင့် တရုတ်နိုင်ငံရှိ အဓိကမြို့ကြီးများကို လေကြောင်းလိုင်းများ ဆက်သွယ်ပျံသန်းမှုအပေါ် အပြန်အလှန် နားလည်မှု ဖလှယ်ရေး သဘောတူညီမှု စာချုပ်တစ်ရပ်ကို တရုတ်အရှေ့ပိုင်း လေကြောင်းကုမ္ပဏီနှင့် အဲယားယူရိုပါ လေကြောင်းလိုင်းတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်ကို ရှန်ဟိုင်းမြို့တွင် မေ ၁၂ရက်က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး ယင်းစာချုပ်တွင် မေ ၂၂ရက်မှစတင်ကာ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့နှင့် စပိန်နိုင်ငံ မက်ဒရစ်မြို့ကို ပျံသန်းမည့်လေကြောင်းလိုင်းနှင့် ပေကျင်းမြို့နှင့် မက်ဒရစ်မြို့များသို့ ပျံသန်းမည့် လေကြောင်းလိုင်းများအပေါ် လျှို့ဝှက်သတင်း အပြန်အလှန်ဖလှယ်ရေးနှင့် ပတ်သက်၍ နှစ်ဖက်လေကြောင်းလိုင်းများက ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။

အကူအညီပေးနိုင်မည်

အဆိုပါ သဘောတူညီမှုသည် တရုတ်အရှေ့ပိုင်း လေကြောင်းကုမ္ပဏီအတွက် ဥရောပတွင် လေကြောင်းပျံသန်းမှု ကွန်ရက်ကျယ်ပြန့်လာစေရန်နှင့် လေကြောင်း ပျံသန်းမှုဆိုင်ရာလုပ်ငန်းတွင် ပြိုင်ဆိုင်မှုများတိုးတက်မြင့်မားစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့အတူ အဲယားယူရိုပါ လေကြောင်းလိုင်းအတွက်လည်း တရုတ်အရှေ့ပိုင်း လေကြောင်း၏ နက်ခ်ဝက်လက်မှတ်ရောင်းချမှု ကွန်ရက်ကို အသုံးပြုပြီး တရုတ်နိုင်ငံတွင် လေယာဉ်လက်မှတ်များ ရောင်းချမှု တိုးတက်အောင် အကူအညီ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှု လျော့ကျသွားမည်မဟုတ်ဟု ဝန်ကြီးချုပ်ပြောကြား

ဗန်ကောက် မေ ၁၅

ထိုင်းနိုင်ငံသည် လယ်ယာမြေ ပြုပြင်ပြောင်းလဲမှု၊ စက်မှုနှင့်ဝန်ဆောင်မှု ကဏ္ဍများ၊ အခြေခံအဆောက်အအုံများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့် လုပ်ဆောင်သွားခြင်းဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၀၅ ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက် လျော့ကျသွားမည်မဟုတ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ကတိပြုပြောကြားလိုက်သည်။

ထိုင်းစီးပွားရေး ခေါင်းဆောင်များနှင့် အဓိကစီးပွားရေးအေဂျင်စီများအား မေ၁၂ရက်က တွေ့ဆုံဆွေးနွေးရာတွင် ထိုင်းဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

လယ်ယာမြေ ပြုပြင်ပြောင်းလဲခြင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု၊ ငွေလုံးငွေရင်း တိုးတက်မှု၊ ထုတ်ကုန်အရည်အသွေး တိုးတက်မှုနှင့် ပြန်ကြားရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုစသော ဝန်ဆောင်မှုကဏ္ဍများ အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ကဏ္ဍကို အထောက်အကူပြုစေနိုင်လိမ့်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကျောင်းသုံးဖတ်စာအုပ်များ ကျောင်းမဖွင့်မီရရှိရေးဆောင်ရွက် စက်စွမ်းအားပြည့်ရိုက်နှိပ်ပြီး အလေအလွင့်မရှိရေးကြပ်မတ် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ညှိနှိုင်းအစည်းအဝေး၌မှာကြား

ရန်ကုန် မေ ၁၆

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ကျောင်းသုံးဖတ်စာအုပ်များကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ရိုက်နှိပ်ဖြန့်ချိခဲ့သည့် အားသာချက်နှင့် အားနည်းချက်များအပေါ် လေ့လာဆန်းစစ်၍ စိစစ်တင်ပြရန်ကိစ္စ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအသီးသီးရှိ ကျောင်းသား ကျောင်းသူများထံ အချိန်မီ လွယ်လွယ်ကူကူ ဈေးနှုန်းမှန်မှန်ကန်ကန်ဖြင့် ရောက်ရှိစေရန် ဆောင်ရွက်ထားခြင်းကိစ္စနှင့် ၂၀၀၆-၂၀၀၇ခုနှစ်အတွက် လိုအပ်ချက်ကို ရိုက်နှိပ်ရာတွင် နိုင်ငံတော်နှင့် ကျောင်းသား ကျောင်းသူများအတွက် ခြိုးခြံချွေတာရေးမူအရ လက်ဆင့်ကမ်း သုံးစွဲရေးစနစ်ကို ဆက်လက် အကောင်အထည် ဖော်ပြီး လိုအပ်သည့် အရေအတွက် ပုံနှိပ်ရန်၊ ရိုက်နှိပ်ပြီးသော စာအုပ်များကို ဖြန့်ချိရေး ဆပ်ကော်မတီအနေဖြင့် သက်ဆိုင်ရာ ကျောင်းများနှင့် ဝေးလံသောဒေသများသို့ သတ်မှတ်ချိန်အတွင်း အချိန်မီ ဖြန့်ဖြူးနိုင်ရေး ကိစ္စတို့ကို ဆွေးနွေးသွားရန် ဖြစ်ကြောင်းနှင့် လုပ်ငန်းအဆင်ပြေ ချောမွေ့စေရန် တာဝန်ရှိသော ဌာနများကလည်း ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြက ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းကို ဖတ်ကြားတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်နေမှု အခြေအနေများကို လည်းကောင်း၊ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ရိုက်နှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေး ဆောင်ရွက်ထားသည့် အခြေအနေများကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အလေအလွင့်မဖြစ်ရေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယခု ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ဖြန့်ဝေရမည့် ကျောင်းသုံးစာအုပ်များကို စာအုပ်ဖြန့်ဝေရာဌာန ၆၈ ခုအနက် ၅၃နေရာကို ကျောင်းသုံးစာအုပ်များ ရောက်ရှိအောင် ဖြန့်ဝေပေးပြီး ဖြစ်ကြောင်း၊ ကျန်၁၅နေရာမှာလည်း စာအုပ်အမျိုးအစားအလိုက် ၉၀ ရာခိုင်နှုန်းခန့် ရောက်ရှိနေပြီး အနည်းငယ်သာ ဆက်ပို့ရန် ကျန်နေကြောင်း၊ ၎င်း ကျန်နေသော အရေအတွက်ကို ဖြန့်ချိရေးဆပ်ကော်မတီက တင်ပြသည့်အတိုင်း ယခုလကုန်အရောက် ဆက်လက်ပေးပို့စေပြီး ဇွန်လ ၁ရက်နေ့ ကျောင်းသားများထံအရောက် ဖြန့်ဝေပေးနိုင်အောင် စိစစ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မိမိတို့က ပေးပို့သော စာအုပ်များကို သက်ဆိုင်ရာ စာအုပ်ဖြန့်ဝေရာ ဌာနများမှ တစ်ဆင့် ခရိုင်၊ မြို့နယ် ကျောင်းများ အရောက် ဆက်လက်ဖြန့်ဝေ ပြီးစီးမှု အခြေအနေကို ဖြန့်ချိရေးကော်မတီက စိစစ်ဆောင်ရွက်စေလိုကြောင်း၊ တစ်ဖက်ကလည်း မိမိတို့ ဝန်ကြီးဌာန လက်အောက်ရှိ ဌာနများကို စုံစမ်းတင်ပြမည်ဖြစ်ကြောင်း၊ အဓိကမှာ အကြီးအကဲများ ညွှန်ကြားသည့်အတိုင်း ကျောင်းမဖွင့်မီ ကျောင်းသား ကျောင်းသူများလက်ထဲသို့ လွယ်လွယ်ကူကူနှင့် ဈေးနှုန်းမှန်မှန်ဖြင့် ရောက်ရှိရေး မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် လိုအပ်ချက်များကို နိုင်ငံတော် အကြီးအကဲ လမ်းညွှန်သည့်အတိုင်း ယခုညှိနှိုင်းချက်အရ မိမိတို့ ဝန်ကြီးဌာနက စက်စွမ်းအားပြည့် ရိုက်နှိပ်ပြီး ကျန်အရေအတွက်ကို ပညာရေးဝန်ကြီးဌာနက ရိုက်နှိပ်ပေးရန် အတွက် ဇွန်လက စတင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် မတ်လ ၁၅ရက်အပြီး ရိုက်နှိပ်၍ ကျောင်းမဖွင့်မီ ကျောင်းသားများလက်သို့ အရောက် ဖြန့်ချိရေး စီမံဆောင်ရွက်ရန်နှင့် လိုအပ်ပါက ဖြန့်ဝေရေးဌာနကို လမ်းပန်းဆက်သွယ်မှုအခြေအနေအရ ထပ်တိုးသင့်ပါက တိုးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်များထက် အဆင်ပြေချောမွေ့ မြန်ဆန်စေမည့် နည်းစနစ်ကို ကျင့်သုံးရန် လိုအပ်ကြောင်း၊ ပုံနှိပ်လုပ်ငန်းများတွင် ကုန်ကြမ်းပစ္စည်းများအလေအလွင့်မဖြစ်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**

စည်းရုံးရေးအခြေခံသင်တန်း အမှတ်စဉ်(၁၉) မရမ်းကုန်း(၂)ရပ်ကွက် အသင်းရုံးခန်းမ၌ဖွင့်

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအခြေခံသင်တန်း အမှတ်စဉ် (၁၉) ဖွင့်ပွဲကို မေ ၁၅ရက် ညနေ ၆နာရီက အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်ဝေက ဆောင်ရွက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးနေဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘုရင့်နောင်စခန်းမှူး ရဲအုပ်မြင့်ဆွေတို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာယီအတွင်းရေးမှူး ဦးမြင့်သိန်း **(အပေါ်ပုံ)** က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားသည်။

စည်းရုံးရေးအခြေခံသင်တန်းသို့ အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖေသန်းက အလှူငွေကျပ် ၁၀၀၀၀၀နှင့် လှသီတာစိန်ရွှေရတနာဆိုင်မှ ဗိုလ်ကြီးစိုးငြိမ်းထွန်း-မအေးနန္ဒာဝေ တို့က အလှူငွေကျပ် ၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်ဝင်းက လက်ခံရယူသည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်း တကောင်းရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၁၆

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ မန္တလေးတိုင်း တကောင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် မေ ၅ရက်တွင် လုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း ၆ဖြင့် မေ၆ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက်နှင့် ထီးတန်းရပ်ကွက်တို့မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေ ၉ရက်က ကွင်းဆင်းဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးတို့က ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

အမှာစကားပြောကြား

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ ၁၁ ရက် နံနက် ၈ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသော အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဇော်ထွန်း(ငြိမ်း)၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်နယ်အတွင်းရှိစစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက အမှာစကားပြောကြားပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ကရင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကော့ကရိတ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်၊ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးမောင်မောင်(ငြိမ်း)နှင့် ဗိုလ်ကြီးမျိုးတင့်(ငြိမ်း)၊ ကော့ကရိတ်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်ကြီးထွန်းရီ(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ သဘာပတိ ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သက်နှင်းဦး(ငြိမ်း)က 'အမျိုးသားနိုင်ငံရေးကဏ္ဍ' ကိုလည်းကောင်း၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်ကြီးစောလှိုင်(ငြိမ်း)က 'နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ'နှင့် 'စီးပွားရေးကဏ္ဍ'တို့ကိုလည်းကောင်း၊ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြည်လင်(ငြိမ်း)က'လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ'နှင့် 'ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ'တို့ကို လည်းကောင်း ကဏ္ဍအလိုက် အစီရင်ခံစာ ဖတ်ကြားတင်သွင်းကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး ငါးရပ်နှင့် စပ်လျဉ်း၍ ဘားအံခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက 'အမျိုးသားနိုင်ငံရေးကဏ္ဍ'ကို လည်းကောင်း၊ ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးသိဟ(ငြိမ်း)က 'နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ'ကို လည်းကောင်း၊ ကော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးလွန်းတင်(ငြိမ်း)က 'စီးပွားရေးကဏ္ဍ'ကို လည်းကောင်း၊ မြဝတီမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်သန်း(ငြိမ်း)က 'လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ'ကိုလည်းကောင်း၊ ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးအောင်(ငြိမ်း)က 'ပြည်သူ့အကျိုးပြုကဏ္ဍ'ကိုလည်းကောင်း အသီးသီး အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို ညီလာခံကိုယ်စားလှယ်များ၏အတည်ပြုချက်ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

အတည်ပြု

ဆက်လက်၍ အခမ်းအနားမှူးက ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အကြိုညီလာခံ(၂၀၀၅) ကချမှတ်သည့် ဆုံးဖြတ်ချက် သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို အတည်ပြုဖတ်ကြားကြေညာသည်။

ပြန်လည်ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ အင်းလုပ်ငန်းရှင်များအသင်း၊ ဆန်စပါး ရောင်းဝယ်ရေးအဖွဲ့၊ သစ်လုပ်ငန်းရှင်များ၊ ကုန်မာဆိုင်များ၊ မော်တော်ယာဉ်အသင်းများနှင့် မြဒွေးကြွယ်လင်းကုမ္ပဏီတို့မှ စုစု ပေါင်းအလှူရှင် ၁၆ ဦးတို့က အလှူငွေ ကျပ် ၃၂ သိန်းခြောက်သောင်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ဇော်ထွန်း(ငြိမ်း)၊ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်တို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

ငွေကျပ် ၅၀ တန်ထီဖွင့်ပွဲ ဇွန် ၁ ရက်၌ ကျင်းပမည်

ရန်ကုန် မေ ၁၆

(၁၉၇)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇွန် ၁ ရက် နံနက် ၉ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

(၁၉၇)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀ (၂၈ ဆု)၊ ငွေကျပ် ၂၅ သိန်း(ကိုးဆု)၊ ငွေကျပ် ခြောက်သိန်း (၆၄၆ ဆု)၊ ငွေကျပ် ငါးသိန်း (နှစ်ဆု)၊ ငွေကျပ်လေးသိန်း (လေးဆု)၊ ငွေကျပ်နှစ်သိန်း (၁၅ ဆု)၊ ငွေကျပ်တစ်သိန်း (၁၇၁ ဆု)၊ ငွေကျပ်ရှစ်သောင်း (၂၁ ဆု)၊ ငွေကျပ်ငါးသောင်းဆု (၁၇၁၀)၊ ငွေကျပ်လေးသောင်း (၄၁ ဆု)၊ ငွေကျပ် နှစ်သောင်း (၃၂၃ ဆု)၊ ငွေကျပ် တစ်သောင်းဆု (၁၇၁၀၀) စုစုပေါင်း (၂၀၀၇၁ ဆု)တို့ကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ယခု (၁၉၇)ကြိမ်မြောက် ငွေကျပ် ၅၀ တန် ထီပေါက်သည့်ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့်အောက် ဆုငွေများကိုကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် မေ ၁၆

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ အကြိမ်(၃၀)မြောက် ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဇွန် ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကင်းမြို့နယ် ဘောက်ထော် (၁၅)ရပ်ကွက် မာလာမြိုင်လမ်း နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ကျင်းပမည်ဟု သိရသည်။

(က–ပ)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ဟောပြောပွဲ စမ်းချောင်းအထက(၂) စံပယ်ခန်းမ၌ ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ဦးစီးပြုလုပ်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး ဟောပြောပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ ဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက အမှာစကားပြောကြားပြီး စာရေးဆရာချစ်နိုင်(စိတ်ပညာ)က 'ထိပ်တန်းမြန်မာအမျိုးသမီးများသို့' ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက ဟောပြောပို့ချပေးသော စာရေးဆရာချစ်နိုင်(စိတ်ပညာ)အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ၊ ရှေ့လုပ်ငန်းစဉ်များအတည်ပြု

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ ၁၃ ရက် နံနက် ၈နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၂) ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကယားပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေ၊ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၂) အဖွဲ့ဝင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးကြီးခင်မောင်စိုး၊ လွိုင်ကော်တပ်နယ်မှ တပ်မတော်အရာရှိများ၊ ပြည်နယ်နှင့် ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အကြိုညီလာခံပထမပိုင်း သဘာပတိအဖြစ် ကယားပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက ဆောင်ရွက်သည်။

အကြိုညီလာခံစတင်

အခမ်းအနားမှူးအဖြစ် အမှတ်(၇) တပ်မတော်ဆေးရုံ (ခုတင်–၁၀၀)မှ ဗိုလ်ကြီးမေဘယ်လ်သောင်းနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် ဗိုလ်ဖြူစင်သန္တာထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အစီအစဉ်များကို ဖတ်ကြားကြေညာကာ အကြိုညီလာခံသို့ ကိုယ်စားလှယ်တက်ရောက်မှုမှာ ၉၉ ဒသမ ၀၉ ရာခိုင်နှုန်းရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုညီလာခံစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ကယားပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး အကြိုညီလာခံ(၂၀၀၅) ပထမပိုင်းကို ခေတ္တရပ်နားသည်။

ယင်းနောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗိုလ်မှူးကြီးသိန်းဟန်(အငြိမ်းစား)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်(အငြိမ်းစား)နှင့် ဗိုလ်မှူးသိန်းလွင်(အငြိမ်းစား) တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိဗိုလ်မှူးကြီးသိန်းဟန်(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်ကြီးမောင်မောင်တာ(အငြိမ်းစား)နှင့် ဗိုလ်ကြီးမောင်မောင်သက် (အငြိမ်းစား) တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး ငါးရပ်ကို ဆွေးနွေးတင်ပြကြရာ အရာခံဗိုလ်ခင်မောင်ရီ(အငြိမ်းစား)က အမျိုးသားနိုင်ငံရေးကဏ္ဍကို လည်းကောင်း၊ တပ်ကြပ်ကြီးခင်မောင်ဦး(အငြိမ်းစား)က နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍကို လည်းကောင်း၊ အရာခံဗိုလ်ထွန်းအေး(အငြိမ်းစား) က စီးပွားရေးကဏ္ဍကို လည်းကောင်း၊ တပ်ကြပ်ကြီးမောင်လှ(အငြိမ်းစား)က လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍကို လည်းကောင်း၊ ဗိုလ်ကြီးယဉ်ထွေး(အငြိမ်းစား)က ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍကို လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

အတည်ပြု

ယင်းနောက် ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ကယားပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)မှဆုံးဖြတ်ချက်နှစ်ရပ်၊အတည်ပြုချက်တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းငါးရပ်တို့ကိုဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ဗိုလ်မှူးကြီးသိန်းဟန်(အငြိမ်းစား)က နိဂုံးချုပ်အမှာစကားပြောကြားပြီး အကြိုညီလာခံကိုယ်စားလှယ်များက ကြွေးကြော်သံများတစ်ခဲနက် ကြွေးကြော်ကြကာ ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅) နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

အဖွင့်အမှာစကားပြောကြား

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင် သဘာပတိ ဗိုလ်မှူးကြီးသိန်းဟန်(အငြိမ်းစား) အဖွင့်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇–၅–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ဗိုက္ကရဲရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Happy and Educational English Summer Course MRTV
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၂၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၃၀	၇။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇း၄၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၅	၉။	နိုင်ငံခြားကာတွန်းဓာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”** (အပိုင်း–၉၄)
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	တေးဂီတအစီအစဉ်
၁၉း၂၀	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၃၅	၁၄။	ကြေးမုံရိပ်သွင် တေးနယဉ်
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဓာတ်လမ်းတွဲ **“ဟေမန်ဆောင်း၏ ချစ်သံစဉ်”** (အပိုင်း–၁၈)

ညောင်ရေသွန်းပွဲနှင့် ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးနှင့် ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၇ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၆ရက်အထိ ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်းမိုးကုတ်ဝိပဿနာရာသက်ပန်အမြဲတမ်း တရားစခန်း ဓမ္မရိပ်သာကြီးတွင် ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ ဝင်ရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၅–၂၀၀၅

(အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွဲဓာတ်ငွေ့သုံးစက်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ရွှေစက်တော်ဘေးမဲ့တော
၇း၄၀	ဝါသနာရှင်စင်မြင့်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ဂမုန်းရေလှောင်တမံ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ဖုန်ခါတံပြုလုပ်နည်းအဆင့်ဆင့်
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	Star Album
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	အန္တရာယ်ကင်းဝေး ဘေးကင်းရေး ကျန်းမာရေးဖြင့် သတိပေး
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	အိမ်ထောင်စုလှူဦးရေစာရင်းနှင့် ပတ်သက်၍ သိကောင်းစရာများ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	အက်ဆီတလင်းဓာတ်ငွေ့စက်ရုံ
၁၀း၃၀	သီးနှံရောဂါများကို ထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

ကြည်အောင်(ကေတုမတီ)၊ ကို(တက္ကသိုလ်)၊ နုယဉ်၊ ကေတုနီလာ၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်စောထွန်း(ကျောင်းကုန်း)၊ ပုရစ်ဖူး(မင်းလှ)၊ တိုးဝေ၊ ဇာနည်၊ စုလျား(ဖျာပုံ)၊ ကျင်ဝင်းငြိမ်း(မအူပင်)တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ ပခုက္ကူဦးအုံးဖေ၊ ထီလာစစ်သူ၊ ဗိုလ်ကလေးတင့်အောင်၊ ချောင်းဦးမောင်စန္ဒာ၊ မြင်းမူမောင်နိုင်မိုး၊ မောင်ကြည်မော်(စကု)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ တက္ကသိုလ်သန်း၊ ဒေါ်မိမိလေး(မန်းတက္ကသိုလ်)၊ သန်းဝင်းရှိန်၊ သင်းသင်းမြတ်၊ မင်းရဲသန်း၊ ကျော်ဇေယျာဟိန်း(ဒေါပုံ)၊ မောင်ချစ်ကြည်၊ ဦးကျော်စိန်၊ တက္ကသိုလ်စိုးယဉ်တို့၏ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်သော်မော်၊ သာစုမြေဘုန်းရှိန်၊ ရွှေဘိုဘာမထီခင်အောင်၊ မမ(တရားရေး)၊ ပုသိမ်အောင်သန်းဦး၊ ကိုဇော်ဌေး၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ပြေအေး(မြင်းမူ)၊ ကိုသက်(ဇီးကုန်း)၊ တင်ဝင်း (ပညာရေး)၊ ထွန်းလူ(ပခုက္ကူ)တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စိုးစံ၊ စည်သူကျော်၊ ကချင်မြေငှက်ခါးတို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာ့ပန်းရုံရိပ်၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ် ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်များ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လွိုင်ကော်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)



တောင်ဥက္ကလာပမြို့နယ်အနေးယာဉ်လုပ်သားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၀)ဖွင့်ပွဲနှင့်အလှူငွေပေးအပ်ပွဲကိုမေ ၁၀ရက်က မြို့နယ် အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအခြေစိုက်ရုံးတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း အမှာစကားပြောကြားစဉ်။(မြန်မာ့အလင်း)

အဘိဓဇမဟာရဋ္ဌဂုရုနှင့် ပထမကျော်ဘွဲ့ရ ဆရာတော်များပူဇော်ပွဲ
တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ တက်ရောက်ကြည်ညို၊ လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘဏ၊ ပထမကျော်ဘွဲ့ရ ဘဒ္ဒန္တ စန္ဒဝရနှင့် ပရိယတ္တိသာသနာ့ပါလအသင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်းတိုက် အတွင်းရှိ အဘိဓဇဆွမ်းစားကျောင်း၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘဏအမှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန် အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်း သဇ္ဇနောဒယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဇ္ဇနာဘိဝံသ ဟောကြားတော်မူသော သမ္မောဒနီယဩဝါဒကထာကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဘိဓဇဆွမ်းစားကျောင်းဆောက်လုပ်ရန်အတွက် ဦးချစ်မွေး၊ ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ်သိန်း ၄၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဒေါ်နီနီစိန် မိသားစု၊ ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်၊ ဒေါ်ဖြူဖြူနှင့် ဦးထွန်းလှစိန်-ဒေါ်မြချစ်မိသားစုနှင့် ဦးတင်မောင်-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)တို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်း အလှူငွေကျပ် ၄၃ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး အနုမောဒနာ မှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဖတ်ကြားလျှောက်ထား

ယင်းနောက် ဆင်ဖြူတောင်ဆရာတော် ဘဒ္ဒန္တ ဂုဏိန္ဒက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သောဘဏ၏ ထေရုပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားသည်။ ဆက်လက်၍ ဆရာတော်အရှင်သူမြတ်များအား တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်နှင့် တေးသံရှင်များက ဂုဏပူဇာဂါထာ၊ရတု၊ တေးထပ်ဖြင့် ပူဇော်ကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘဏ၊ ပထမကျော်ဘွဲ့ရ ဘဒ္ဒန္တ စန္ဒဝရနှင့် ပရိယတ္တိသာသနာ့ပါလအသင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၁၆

တနင်္သာရီတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ နာယက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအဖွဲ့ခေါင်းဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် အကြိုညီလာခံကိုယ်စားလှယ်များ၊ တိုင်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ(၂၀၀၅)အခမ်းအနားတွင် တနင်္သာရီတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ နာယက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညီလာခံပထမပိုင်းအစီအစဉ်အရ တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်း အဖွဲ့နာယက တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညီလာခံပထမပိုင်းကို ခေတ္တရပ်နားပြီး ညီလာခံသို့တက်ရောက်လာကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကိုယ်စားလှယ်များအား တိုင်းမှူးနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အဖွဲ့ခေါင်းဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က တရင်းတနှီး လိုက်လံနှုတ်ဆက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် ညီလာခံဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(အငြိမ်းစား)၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း(အငြိမ်းစား)နှင့် ဒုတိယဗိုလ်မှူးကြီးကြည်စန်း(အငြိမ်းစား)တို့က ဆောင်ရွက်ကြပြီး အစီအစဉ်အရ သဘာပတိ ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(အငြိမ်းစား)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့်အစီရင်ခံစာကို ဗိုလ်မှူးစိုးလွင်(အငြိမ်းစား)နှင့် ဗိုလ်ကြီးမျိုးသန့်(အငြိမ်းစား)တို့က ဖတ်ကြားတင်သွင်းကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) သို့တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်အား တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးကြရာ အမျိုးသားနိုင်ငံရေးရာကဏ္ဍကို ဒုတိယဗိုလ်မှူးကြီး သိန်းစိုး(အငြိမ်းစား)ကလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို ဗိုလ်မှူးအောင်မိုး(အငြိမ်းစား) ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဗိုလ်မှူးဇော်ဝင်း(အငြိမ်းစား)ကလည်းကောင်း၊ လူမှုရေးနှင့် သက်သာ ချောင်ချိရေး လုပ်ငန်းကဏ္ဍကို ဗိုလ်မှူးဝင်းမော်(အငြိမ်းစား)ကလည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးဝင်းမြင့်ကျော်(အငြိမ်းစား)ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အတည်ပြုကြေညာ

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တနင်္သာရီတိုင်းအကြိုညီလာခံ(၂၀၀၅)က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို အခမ်းအနားမှူးက ဖတ်ကြားကြေညာပြီး သဘာပတိက ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်ရယူ၍ ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တနင်္သာရီတိုင်း အကြိုညီလာခံ (၂၀၀၅)ကချမှတ်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုချက်တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း နှစ်ရပ်တို့ကို ဖတ်ကြားအတည်ပြုသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်

ရန်ကုန် မတ် ၁၆

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ဒသမ ၂၆လက်မ ဖြစ်သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်မြဲထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်း၌ ဖြစ်မြဲထက် ၉ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာ ရှိခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်များတွင် အများအားဖြင့် သာယာနေသည်။

မေ ၁၇ရက်အထိ ခန့်မှန်းချက်အရ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အရ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။ (မြန်မာ့အလင်း)

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ မလိမ့်တပတ်အဓမ္မလုပ်ရပ်နှင့်အကြမ်းဖက်လုပ်ရပ်များကို

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ ရှက်ဆစ်ဦးစီး **SSA**၊ **KNU**၊ **KNPP**၊**NCUB** **NCGUB**၊ **ABSDF** စသည့် အကြမ်းဖက်သမား(**Terrorist**)အဖွဲ့များပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ် အဓမ္မလုပ်ရပ်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက် ကျူးလွန်နေခြင်းကို မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ပြီးသောအဖွဲ့များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြသည်။ အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူး၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပသည့် လူငယ်နီးနှောဖလှယ်ပွဲအခမ်းအနားကလည်းကောင်း၊ ရှမ်းပြည်နယ် လဲချားမြို့နယ်၊ မိုင်းနောင်မြို့နယ်၊ မိုင်းရယ်မြို့နယ်၊ သီပေါမြို့နယ်၊ သိန်းနီမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်များ၌ ကျင်းပသည့် လူထုအစည်းအဝေးပွဲအခမ်းအနားများက လည်းကောင်း တစ်ခဲနက် ပြစ်တင်ရှုတ်ချ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

(သတင်း-ဖော်ပြပြီး)

လူငယ်နီးနှောဖလှယ်ပွဲ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ (၈-၅-၂၀၀၅)။

လဲချားမြို့နယ် လူထုအစည်းအဝေး (၈-၅-၂၀၀၅)။

ကျိုင်းတုံမြို့နယ် လူထုအစည်းအဝေး (၁၂-၅-၂၀၀၅)။

မိုင်းရယ်မြို့နယ် လူထုအစည်းအဝေး (၁၀-၅-၂၀၀၅)။

မိုင်းနောင်မြို့နယ် လူထုအစည်းအဝေး (၁၀-၅-၂၀၀၅)။

သီပေါမြို့နယ် လူထုအစည်းအဝေး (၁၁-၅-၂၀၀၅)။

သိန်းနီမြို့နယ် လူထုအစည်းအဝေး (၁၂-၅-၂၀၀၅)။

မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော် လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပြင်ဆင်ထိန်းသိမ်းမှုများ မျက်ခြည်မပြတ်ဆောင်ရွက်

* ရှေ့ဖုံးမှ

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်မှာ ယခုအချိန်ပါနှင့်ဆိုလျှင် ၁၆ ကြိမ်ရှိပြီဖြစ်ကြောင်း၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်တာဝန်ထမ်းဆောင်ကြသည့် စည်ပင်သာယာရေးအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုကဲ့သို့ ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် လက်တွေ့ကျသည့်အစီအမံများ၊ ခိုင်မာသည့်အကျိုးရလဒ်ကောင်းများပေါ်ထွန်းလာမည်ဟု ယုံကြည်မျှော်လင့်ထားကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်များချမှတ်ကာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်ပြီး ယင်းဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယနေ့ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးသည်သာလျှင် မှန်ကန်သောပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေကြသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ဒေသအလိုက်၊ ကဏ္ဍအလိုက်ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အမျိုးသားနိုင်ငံရေးအသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူမှုဘဝအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးကြီးကြပ်စီမံအုပ်ချုပ်ဆောင်ရွက်ရသည့် အဖွဲ့အစည်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ပြည်သူနှင့်တစ်သားတည်းဆောင်ရွက်သွားရန် လိုသည်ဟု မှာကြားလိုကြောင်း။

မျက်ခြည်မပြတ်ဆောင်ရွက်

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ကျေးလက်ဒေဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အနက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်ပြီး နှစ်(၃၀)နှစ်ရှည်စီမံကိန်းနှင့် ကျေးလက်ဒေသ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်းဆုံးမြို့နယ် ပထမဆုရ ကျောက်ဆည်မြို့နယ်စည်ပင်သာယာအဖွဲ့ကို ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်ပြီး (၁၀) နှစ်စီမံကိန်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းကြောင့် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြနှင့်ကျေးလက်လမ်းများ အကောင်အထည်ဖော်နိုင်မှုမှာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ ကျေးလက်လမ်း ၂၅၃၄၁ မိုင် ၆ ဖာလုံ၊ ကျေးလက်တံတား ၆၆၅၅ စင်းနှင့် မြို့ပြလမ်း ၅၃၁၆ မိုင် ၁ ဖာလုံ၊ မြို့ပြတံတား ၁၁၀၆၅ စင်း စုစုပေါင်းလမ်း ၃၀၆၅၇ မိုင် ၇ ဖာလုံ၊ တံတားပေါင်း ၁၇၇၂၀ စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါလုပ်ငန်းများကို ငွေကျပ် ၁၇၈၉၀ သန်း ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည့်အတွက် မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လာမည့်နှစ်များတွင်လည်း လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့အောင် ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းများကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်ရန်လိုသည်ဟု မှာကြားလိုကြောင်း။

ထို့အပြင် စီမံကိန်းအရ ဆက်လက်အကောင်အထည်ဖော်ရမည့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှ မြို့သို့တက်သည့်လမ်းများ၊ မြို့ချင်းဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများတို့ကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ချောမွေ့ကောင်းမွန်လာသည်နှင့်အမျှ ယင်းဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သည့်အတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအနေနှင့် စေတနာထားကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

ပါဝင်လှူဒါန်းနိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်း ဆောင်ရွက်နိုင်မှုတွင် စီမံကိန်းစတင်သည့် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှာ ဆောင်ရွက်ရန်ကျေးရွာ ၈၀၄၂ ရွာအနက် ကျေးရွာ ၇၁၅၇ ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရပြီး ကျန်ပြည်နယ်၊ တိုင်းတို့မှ ဆောင်ရွက်ရန်ကျေးရွာ ၁၅၁၈၃ ရွာအနက် ကျေးရွာ ၇၁၅၂ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၄၇ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်သည်ကိုတွေ့ရှိရကြောင်း၊ ပြည်နယ်၊တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၂ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်အောင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှ ကျပ် ၁၅၃၆ ဒသမ ၅၇၄ သန်း၊ စည်ပင်သာယာရေးအဖွဲ့များရန်ပုံငွေမှ ကျပ် ၂၈၃၃ ဒသမ ၉၄ သန်း သုံးစွဲခဲ့မှုနှင့် စေတနာရှင်အလှူရှင်များ ပါဝင်လှူဒါန်းငွေ ကျပ်သန်းပေါင်း ၁၀၅၃ ဒသမ ဝ၆၇ သန်း၊ အမေရိကန်ဒေါ်လာ ၇၀၂၅၂၊ အက်ဖ်အီးစီ ၁၀၀၁၂ နှင့် ယူရို ၇၇၀ ခန့် ပါဝင်လှူဒါန်းမှုတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရကြောင်း။

ယင်းကဲ့သို့သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ကျေးလက်နေပြည်သူများအတွက် မသန့်ရှင်းသော ရေကြောင့်ဖြစ်သော ရောဂါဘယများ ကင်းဝေးသလို ရေတစ်ထမ်း၊ တစ်ပုံး ရရှိရန်ရှာဖွေရမှုကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမှုများသက်သာစေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကျေးရွာတိုင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးစီမံကိန်းကို အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သလို တူးဖော်ပြီးသော စက်ရေတွင်းများရေရှည်တည်တံ့ကောင်းမွန်အောင် အစဉ်တစိုက်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်းကိုလည်း မှာကြားလိုကြောင်း။

ကျေးလက်ရေရရှိရေးတိုးမြှင့်ဆောင်ရွက်

ထို့ပြင် ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်ပြီးစီးမှုအနေဖြင့် မြို့နယ်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိရေးကို အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ခုနစ်မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁မြို့နယ် စုစုပေါင်း၂၅မြို့နယ်တွင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် မြို့နယ်လုံးကျွတ် မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှတစ်ဆင့် တိုင်းလုံးကျွတ်အထိ သန့်ရှင်းသောသောက်သုံးရေရရှိရေး ကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရန်ကိုလည်း လိုအပ်ကြောင်း မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသစံပြအိမ်ရာများကို ရှေ့ပြေးစီမံကိန်း(Pilot Project)လုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ရာ

လမ်းပန်းဆက်သွယ်မှုကောင်းမွန်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်လာမည်

- ❒ စီမံကိန်းအရ ဆက်လက်အကောင်အထည်ဖော်ရမည့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှ မြို့သို့တက်သည့်လမ်းများ၊ မြို့ချင်းဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများတို့ကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်၊ လမ်းပန်းဆက်သွယ်မှုများ ချောမွေ့ကောင်းမွန်လာသည်နှင့်အမျှ ယင်းဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်၊
- ❒ ပြည်နယ်၊ တိုင်းအားလုံးရှိ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်း ကျေးရွာ ၂၃၂၂၅ရွာ အနက် ကျေးရွာပေါင်း ၁၄၃၀၉ ရွာကို သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၂ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်။

မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် စည်ပင်သာယာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အထိ အိမ်အလုံးရေ၆၀၉လုံးကို ဆောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရခြင်းကြောင့် ယခုထက် ပိုမိုပြီး ကျေးလက်ပြည်သူများအတွက် စံပြအိမ်ရာများကို ကြိုးပမ်းစည်းရုံး အရှိန်အဟုန်မြှင့် ဆောက်လုပ်ပေးရန် မှာကြားလိုကြောင်း။

တီထွင်ကြံဆ

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးမျှော်မှန်းပြီး စက်ရေတွင်းတူးစက်များနှင့် ရွှေ့လျားအလုပ်ရုံ (Mobile-Workshop) တို့ကို တီထွင်စမ်းသပ်ပြီး လုပ်ငန်းခွင်မှာ အသုံးပြုနေပြီးဖြစ်ကြောင်း သိရှိရသည့်အတွက် ယခုကဲ့သို့ လက်ရှိအောင်မြင်မှုရရှိနေသောအဆင့်မှာတင် ကျေနပ်မနေဘဲ ယခုထက်ပိုမိုအရည်အသွေး ကောင်းမွန်သည့်အဆင့်အထိရရှိအောင် စမ်းသပ်သုတေသန (Research)ပြုလုပ်ပြီး တီထွင်ကြံဆ ဆောင်ရွက်ရန်လိုကြောင်း မှာကြားလိုကြောင်း။

စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားဖြင့် ဆောင်ရွက်နေခြင်းထက် စက်ယန္တရားစွမ်းအားဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန်လိုအပ်ခြင်းကြောင့် လက်ရှိအသုံးပြုနေသည့်ယာဉ်၊ စက်ယန္တရားများကိုလည်း စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် အစဉ်သဖြင့် ကောင်းမွန်နေအောင် ပြင်ဆင်ထိန်းသိမ်း သုံးစွဲရန်လိုအပ်ပြီး ထပ်မံလိုအပ်သောစက်ယန္တရားများကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း မှာကြားလိုကြောင်း။

ရွေးချယ်ဆုပေး

စည်ပင်သာယာရေးအဖွဲ့များအနေနှင့် မြို့များစိမ်းလန်းစိုပြည်သာယာရေးအတွက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် ယှဉ်ပြိုင်မှုစနစ်ဖြင့် ပြီးခဲ့သည့်နှစ်မှစပြီး အကောင်းဆုံးစံပြမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံး မြို့နယ်ဆုများ ရွေးချယ်ပြီး ဆုပေးခဲ့သည်ကိုတွေ့ရကြောင်း၊ အခုနှစ်တွင်လည်း အလားတူဆုများရွေးချယ်ပြီး ဆုများချီးမြှင့်ပေးသွားမှာ ဖြစ်ကြောင်း၊ ဤနေရာမှာ မှာကြားလိုသည်မှာ ဆုရရှိခဲ့သည့်မြို့နယ်များ အနေဖြင့်လည်း မိမိတို့၏ အရည်အချင်းကျမသွားအောင် ထိန်းသိမ်းဆောင်ရွက်ရမည့် တာဝန်ရှိသကဲ့သို့ ဆုမရသေးသည့် မြို့နယ်များအနေနှင့်ကလည်း ဆုရရှိသည့် မြို့နယ်များကို အတုယူစံနမူနာထားပြီး မိမိ၏လိုအပ်ချက်များကို ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း မှာကြားလိုကြောင်း။

အလေးဂရုပြုဆောင်ရွက်

ဤသို့ မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်၊ အခ၊အကောက်များ ပြည့်ပြည့်ဝဝရရှိစေရန်နှင့် အခွန်အခများကို စည်းကြပ်ရာ၌လည်းအခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် လိုအပ်သကဲ့သို့ ရရှိသည့် အခွန်ဘဏ္ဍာငွေများကို အလေအလွင့်မရှိစေရေး စိစိစစ်စစ် ခြိုးခြံချွေတာ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး ပြည်သူအများအတွက် ထိုက်တန်သည့် မြို့ရွာဖွံ့ဖြိုးမှုအခြေခံ လိုအပ်ချက်များ တည်ဆောက်ပေးနိုင်စေရန်ကို အလေးဂရုပြုဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတို့တွင် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ကြိုးပမ်းထမ်းဆောင်ကြပါ၊

ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ထားပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် စည်ပင်သာယာရေးလုပ်ငန်းများဖြင့် ကျရာအခန်းကဏ္ဍမှ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြပါ၊

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြပါ။

စည်ပင်သာယာရေး ဝန်ထမ်းများအနေနှင့် မိမိတို့ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များကို အမျိုးသားရေးလုပ်ငန်းများအဖြစ် ခံယူပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်ကောင်း၊ စေတနာကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

အကောင်းဆုံးမြို့နယ်ဆုချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆုရ ကျောက်ဆည်မြို့နယ်စည်ပင်သာယာအဖွဲ့၊ ဒုတိယဆုရ ရွှေဘိုမြို့နယ်စည်ပင်သာယာအဖွဲ့၊ တတိယဆုရ ညောင်ဦး မြို့နယ်စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူများအားလည်းကောင်း၊ မြို့သာယာလှပရေးအကောင်းဆုံးမြို့နယ် ပထမဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာအဖွဲ့၊ ဒုတိယဆုရ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာအဖွဲ့နှင့် တတိယဆုရ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူများအားလည်းကောင်း၊ အကောင်းဆုံးစံပြ မြို့နယ် ပထမဆုရ ကျောက်ဆည်မြို့နယ် စည်ပင်သာယာအဖွဲ့၊ ဒုတိယဆုရ တောင်ကြီးမြို့နယ် စည်ပင်သာယာအဖွဲ့နှင့် တတိယဆုရ ညောင်ဦးမြို့နယ် စည်ပင်သာယာအဖွဲ့တို့မှ တာဝန်ရှိသူများအားလည်းကောင်း ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ(၂)တွင် ခင်းကျင်းပြသထားသော စည်ပင်သာယာဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကွန်ပျူတာဖြင့်မြေပုံထုတ်ခြင်းနှင့် မြို့ကြီးများ၏ လမ်းညွှန်မြေပုံများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဗိုလ်တထောင် မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးရေသန့်စက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

ယခုအခါ ရေဆိုးရေသန့်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီး လုပ်ငန်းများ စမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပါးလွှာစက်ရုံနှင့်အထပ်သားစက်ရုံများတည်ဆောက်ရန် မြေနေရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် တနင်္သာရီတိုင်း အတွင်းသစ်ပါးလွှာစက်ရုံ၊ အထပ်သားစက်ရုံများ တည်ဆောက်ရန်အတွက် မြေနေရာရွေးချယ်ရန် လှည့်လည်ကြည့်ရှုကြသည်။

မြေနေရာရွေးချယ်

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၅ ရက် ညနေပိုင်းတွင် တနင်္သာရီမြို့နယ် မော်တုံးကျေးရွာအနီးရှိ မြေနေရာသို့လည်းကောင်း၊ တနင်္သာရီ-ကော့သောင်းကားလမ်း မိုင်တိုင်အမှတ်(၂/၅၂)ရှိ လယ်တောင်ယာကျေးရွာအနီး မြေနေရာသို့လည်းကောင်း၊ စင်ကိုနာစိုက်ခင်းရှိ မြေနေရာသို့လည်းကောင်းရောက်ရှိပြီးစက်ရုံတည်ဆောက်ရန် မြေနေရာကို ရွေးချယ်သည်။

ထို့နောက် ဝန်ကြီးသည် စင်ကိုနာစိုက်ခင်း ပျိုးဥယျာဉ်ရှိ ဧက ၁၀၀ စိုက်ခင်းအတွက် စင်ကိုနာ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းများ အောင်မြင်မှုရရှိရေး၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားပြီးလိုအပ်သည်များဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် မေ ၁၆ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီးဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်သွားရေးနှင့် လျာထားချက်များပြည့်မီအောင် ဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် မြိတ်စက်မှုဇုန်ရှိ မြိတ်အထပ်သားစက်ရုံသို့ ရောက်ရှိရာ တာဝန်ခံများက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်ပါးလွှာများထုတ်လုပ်မှု အဆင့်ဆင့်၊ပြည်ပပို့ရန် ထုပ်ပိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်း ကုမ္ပဏီလီမိတက်၏ သစ်ခွဲစက်ကိုလည်းကောင်း၊ အထပ်သားစက်ရုံ တည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။ အဆိုပါ သစ်ခွဲစက်မှ အုပ်စု(၄/၅)အခြားသား ခွဲသားများကို ပြည်ပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



(၅၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနက ကျင်းပသည့် မီးသတ်စွမ်းရည်ပြိုင်ပွဲနှင့် မြို့သစ်(က+ခ) မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးပွဲ အခမ်းအနားကို မေ ၈ ရက်က အမက (၄၃)စာသင်ဆောင်၌ကျင်းပရာ မီးသတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ မြို့သစ်(က+ခ)ရပ်ကွက်မှ ဒုတပ်ခွဲမှူး ဦးမောင်မောင်အား မီးသတ် ဦးစီးအရာရှိ ဦးမြင့်ဇော်က ဆုချီးမြှင့်စဉ်။ (ဝ၄၆)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) လှူဒါန်းဆောက်ရေးမြေစိုက်ပိုစတာ ဟားခါးမြို့၌ စိုက်ထူ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) မြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားကို မေ ၁၂ ရက် နံနက်၇နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှ၊ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၊ ဟားခါးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်ညောင်ရေသွန်းပွဲ

ရန်ကုန် မေ ၁၆

လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် ၁၀လမ်းထိပ် ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီတော်ဝင်းအတွင်း ဗောဓိညောင်ပင်တွင် ပထမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်နေ့(မေ ၂၂ရက်)နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ကျင်းပမည်ဖြစ်သည်။

ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီတော် ပြည်လုံးချမ်းသာရုပ်ပွားတော်နှင့် ဗောဓိညောင်ပင်ဂြိုဟ်တိုင်၊ ဘုရားရုပ်ပွားတော်များအား နံနက် ၅နာရီတွင် အနေကဇာတင်လှူခြင်းနှင့် နံနက် ၇နာရီတွင် ဝတ်အဖွဲ့က ရွတ်ဆိုပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးတင်ဆွေအောင် ဖုန်း-၂၂၂၆၃၈၊ဦးမောင်မောင်ဌေး ဖုန်း-၂၂၆၀၂၄နှင့် ဦးမြင့်ဝင်း ဖုန်း-၂၂၀၃၀၉တို့သို့ ဆက်သွယ်နိုင်ကြောင်း စေတီတော်ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။ **(၃၈၇)**

အကြမ်းဖက်သမားများကို ပြည်သူ့စွမ်းအားဖြင့် ချေမှုန်းကြပါစို့

မောင်သစ္စာ

ကျွန်တော် ‘ဟာ’ ခနဲ အော်လိုက်မိတယ်။ တဒိတ်ဒိတ် ခုန်နေတဲ့ ရင်ဘတ်ကို လက်နဲ့ ဖိထားရတယ်။ ကျွန်တော့်အဒေါ်ကို ဆေးရုံခုတင်ပေါ်မှာ သွေးရဲသံရဲနဲ့ တွေ့လိုက်ရတာမို့ ကျွန်တော် ထိန်းမနိုင်သိမ်းမရ တုန်လှုပ်ချောက်ချားသွားတာဖြစ်ပါတယ်။ အသက်(၈၀)နီးပါး ရှိပြီဖြစ်တဲ့ ကျွန်တော့်အဒေါ်၊ ဘာသာရေးကို အလွန်ကိုင်းရှိုင်းတဲ့ ကျွန်တော့်အဒေါ်၊ လူတိုင်းကို စေတနာထားပြီး ကူညီလေ့ရှိတဲ့ ကျွန်တော့်အဒေါ်၊ မွေးနေ့အတွက် လှူဒါန်းဖို့ **Junction 8** စင်တာမှာ ပစ္စည်းသွားဝယ်တဲ့ ကျွန်တော့်အဒေါ်၊ ရိုးသားဖြူစင်ပြီး အပြစ်မဲ့တဲ့ ကျွန်တော့် အဒေါ်ဟာ ရက်စက်လှတဲ့ အကြမ်းဖက်သမားများရဲ့ ဗုံးဒဏ်ကြောင့် မလှုပ်မယှက်ဖြစ်နေတာကို ကြည့်ပြီး ကျွန်တော်ယူကျုံးမရ ဖြစ်မိပါတယ်။

ကပ်လျက်ခုတင်ပေါ်မှာတော့ အဒေါ်နဲ့အတူ အဖော်လိုက်သွားတဲ့ တူမလေး၊ သူလဲဒဏ်ရာ တွေနဲ့လဲနေပါတယ်။ ပြောသံမေးသံတွေကိုလဲ ကြားဟန်မရှိပါ။ အလွန်ကြောက်ရွံ့ ထိတ်လန့် ဖွယ်ရာများကို မြင်တွေ့ခံစားခဲ့ရလို့ တုန်လှုပ်ချောက်ချားနေပုံရပါတယ်။ စကားမပြောနိုင်ဘဲ ကြောင်တောင်တောင် ဖြစ်နေရှာပါတယ်။

အခြားခုတင်တစ်ခုပေါ်မှာတော့ သူတို့နဲ့အတူလိုက်ပါသွားတဲ့ အိမ်ဖော်မလေး၊ သူ့မျက်နှာမှာ ဒဏ်ရာတွေအပြည့်နဲ့ မတုန်မလှုပ်ဖြစ်နေရှာပါတယ်။ နံကြားမှာ ဗုံးစတစ်ခု စိုက်ဝင်နေလို့ သွေးတွေ ယိုစီးနေပါတယ်။

ဒီမိန်းမပျိုလေးနှစ်ဦးဟာ ငယ်ရွယ်နုပျိုပြီး သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ဘဝကို မျှော်လင့် နေသူများပဲ ဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်ကို ရက်စက်လှတဲ့ အကြမ်းဖက်သမားများရဲ့ ဗုံးက ဖျက်ဆီးပစ်လိုက်ပါပြီ။ ဗုံးဆန်ထိမှန်တဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် သူတို့ရုပ်ပျက် ဆင်းပျက်ဖြစ် ကျန်ရစ်ခဲ့ရင် သူတို့တစ်ဘဝလုံး လူကြားသူကြားထဲ မတိုးရဲဘဲ ဝမ်းနည်းကြေကွဲ နေရပါလိမ့်မယ်။ သူတို့ရဲ့နံဘေးက ခုတင်တွေမှာလဲ ဗုံးဒဏ်ရာတွေနဲ့ ဝေဒနာပြင်းပြစွာ ခံစားနေကြသူများကို မြင်တွေ့နေရတာမို့ ကျွန်တော် ရင်နာခဲ့ရပါတယ်။

ခုလို ကျွန်တော်နဲ့ ချစ်ခင်ရင်းနှီးတဲ့ ဆွေမျိုးတွေ ဗုံးဒဏ်ခံရတာကိုကြည့်ပြီး တစိမ့်စိမ့် ဝမ်းနည်းကြေကွဲမိပါတယ်။ ကျွန်တော့်လိုပဲ ဒီအကြမ်းဖက်သမားတွေရဲ့ ဗုံးဒဏ်ကြောင့် သေကျေပျက်စီး ထိခိုက်ဒဏ်ရာရခဲ့ကြရတဲ့ မိဘသားသမီးဆွေမျိုးသားချင်းများအတွက် သက်ဆိုင်သူတွေလဲ အခုလိုပဲ ယူကျုံးမရ ဝမ်းနည်းကြေကွဲနေကြမှာပဲလို့ ကိုယ်ချင်းစာမိပါတယ်။ သူတို့လဲ တစိမ့်စိမ့်ဝမ်းနည်းကြေကွဲမှုဝေဒနာ ခံစားရပြီး ရင်နာနေကြမှာ အမှန်ပင်ဖြစ်ပါတယ်။ အားလုံးအတွက် အိပ်မက်ဆိုးကြီးမက်သလို ဖြစ်ခဲ့ရပါပြီ။

ကျွန်တော်နဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးက မေးခွန်းတွေကို ထပ်တလဲလဲ မေးနေကြ ပါတယ်။ ဘာကြောင့် အပြစ်ကင်းစင်ပြီး ရိုးသားတဲ့ ပြည်သူလူထုကို ရက်ရက်စက်စက်ဗုံးခွဲပြီး လူသတ်မှု ကျူးလွန်နေတာလဲ။ သူတို့မှာ ဘာအပြစ်ရှိလို့လဲ။ ခုလိုဗုံးဖောက်ခွဲခဲ့တဲ့သူတွေကို သူတို့က ဘာများ စိတ်ဆင်းရဲအောင် ပြုလုပ်မိလို့လဲ။ ဗုံးဖောက်ခွဲခဲ့သူတွေရဲ့ မိဘဆွေမျိုးများကို သူတို့က ဒုက္ခပေးမိလို့လား။ ပြည်သူလူထုနဲ့ရန်ညှိုးရှိနေလို့ လက်စားချေတာလား။ ဒီအကြောင်း တွေကြောင့်မဟုတ်ရင် ဘယ်လို အကြောင်းမျိုးကြောင့် ခုလိုလူတွေကို သတ်ဖြတ်နေကြတာလဲ။

အစိုးရကို တိုက်တယ်ဆိုပြီး အပြစ်မဲ့၊ လက်နက်မဲ့ပြည်သူလူထုအပေါ် သူရဲကောင်းကြီးလုပ်ပြီး မညှာမတာ ရက်စက်ပြနေတာလား။ ဒီလိုလုပ်ပြလိုက်လို့ အစိုးရကို ဆန့်ကျင်ပြီး သူတို့ကို ထောက်ခံအားပေးမယ်လို့ ထင်နေတာလား။ ဒီလိုဆိုရင် သူတို့ရည်မှန်းချက် လုံးဝမအောင်မြင်ဘဲ ကျဆုံးမှာသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းလုံးက အကြမ်းဖက်မှုကို စုပေါင်း ညီညာစွာ ဝိုင်းဝန်းတိုက်ဖျက် နှိမ်နင်းလျက်ရှိနေပါတယ်။ ကမ္ဘာကြီးက အကြမ်းဖက်မှုကို လုံးဝလက်မခံပါ။

လောကပါလတရားကလဲ အကြမ်းဖက်မှုကို လုံးဝလက်မခံပါ။ အမုန်းသည် အမုန်းကိုသာ ရစေတယ်။ ချစ်ခြင်းမေတ္တာသည် ချစ်ခြင်းမေတ္တာကိုသာ ရစေတယ်။ မုန်းစကိုတို၍ ချစ်စကို ရှည်စေရန် မြတ်ဗုဒ္ဓက ဆုံးမစကား ဟောကြားခဲ့ပါတယ်။ ဒီတရားဓမ္မများဟာ ထာဝရမှန်ကန်တဲ့ တရားများ ဖြစ်ပါတယ်။ ဒီအမှန်တရားကို ဆန့်ကျင်ပြီး ငါတရားလုပ်လိုသူများဟာ ကျရှုံး မှုနဲ့သာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒီမကောင်းမှုများဟာဘဝအဆက်ဆက်မှာ ကျူးလွန်သူတွေ နောက်ကို အရိပ်ပမာလိုက်ပါပြီး ဒုက္ခပြန်ပေးနေမှာ ဖြစ်ပါတယ်။ ဒါတွေဟာ ကံ၏နိယာမ တရားများ ဖြစ်တယ်။ မည်သူမျှ ရှောင်တိမ်းလို့ မရပါ။

“ဘယ်သူမပြု မိမိမှု” ဆိုတဲ့ “ကံ”ရဲ့ တရားသဘောအရကြည့်ရင် ဗုံးခွဲလူသတ်သူတွေ ကိုယ်တိုင်လဲ တူညီသောအကျိုးကို ခံစားရမည်မှာ မလွဲပါ။ သူတို့ရဲ့ မိဘဆွေမျိုးသားသမီးများလဲ ပြည်သူလူထု တွေ့ကြုံခံစားနေရသလို တန်ပြန်ခံစားရမှာပဲဖြစ်တယ်။ ထိုအချိန်ရောက်တဲ့အခါမှာ နောင်တရချိန် နောက်ကျသွားပါလိမ့်မယ်။ မြတ်ဗုဒ္ဓ၏ သွန်သင်ဆုံးမချက်ကို အချိန်မီနာခံပြီး မိမိတို့ရဲ့ဘဝကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဖြစ်ပါတယ်။ သို့မဟုတ်ပါက ပြည်သူလူထုရဲ့ ဒဏ်ခတ်တာကို ခံရပါလိမ့်မယ်။ ကံတရားက မလွဲမသွေ အပြစ်ဒဏ်ပေးပါလိမ့်မယ်။ ဘယ်နေရာပြေးပြေး ဘယ်တိုင်းပြည်ကိုရောက်ရောက် လွတ်နိုင်လိမ့်မယ်မဟုတ်ပါ။

ပြည်သူလူထုရဲ့ မေးခွန်းတွေဟာ အကြမ်းဖက်သမား၊ ဒုစရိုက်သမားများရဲ့ နားတွေမှာ ပြည့်လျှံနေပြီး အိပ်မပျော်နိုင်အောင် ရှိနေပါတော့မယ်။ တစ်သက်လုံး ငြိမ်းချမ်းမှုကို ရနိုင် မယ်မဟုတ်ပါ။

အကြမ်းဖက်သမား(**Terrorist**)များကို ပြည်သူ့စွမ်းအားဖြင့် ဖိနှိပ်ချေမှုန်းရန် ပြည်ထောင်စု ဖွားတိုင်းရင်းသားအပေါင်း ချစ်ချစ်ခင်ခင် ညီညာဖြဖြ စည်းလုံးညီညွတ်ကြရန်နဲ့ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့အားလုံး ပြည်သူလူထုနဲ့အတူ သစ္စာဆိုပြီး သန္နိဋ္ဌာန်ပြုလိုက်ရပါတယ်။ ။

> အစိုးရကို တိုက်တယ်ဆိုပြီး အပြစ်မဲ့၊ လက်နက်မဲ့ ပြည်သူလူထုအပေါ် သူရဲကောင်းကြီးလုပ်ပြီး မညှာမတာ ရက်စက်ပြနေတာလား။ ဒီလိုလုပ်ပြလိုက်လို့ အစိုးရကို ဆန့်ကျင်ပြီး သူတို့ကို ထောက်ခံအားပေးမယ်လို့ ထင်နေတာလား။ ဒီလိုဆိုရင် သူတို့ရည်မှန်းချက် လုံးဝမအောင်မြင်ဘဲ ကျဆုံးမှာသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းလုံးက အကြမ်းဖက်မှုကို စုပေါင်းညီညာစွာ ဝိုင်းဝန်း တိုက်ဖျက် နှိမ်နင်းလျက်ရှိနေပါတယ်။ ကမ္ဘာကြီးက အကြမ်းဖက်မှုကို လုံးဝလက်မခံပါ။

မြဝတီရုပ်မြင်သံကြား

၁၇-၅-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Essentials of a Valid Contract (ဒုတိယနှစ်-ဥပဒေအထူးပြု)
- ၅း၂၅ ၈။ ပညာခေတ်
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“၂၄ နာရီ”** (အပိုင်း-၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟေဝန်က သိုင်းလုလင်”** (အပိုင်း-၁၉)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှား ရှင်းလင်းပါ။

(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင် ရှင်းလင်းပါ။လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကိုဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ကိုရီးယားနှင့်ဗီယက်နမ်သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.°Mr. Lee Ju-Heum သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

လာရောက်တွေ့ဆုံ

အလားတူပင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.°Mr. Tran Van Tung သည် နံနက် ၁၁ နာရီခွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ အသီးသီးလာရောက်တွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဟော်ကီအဖွဲ့ချုပ်သို့ ငွေလှူဒါန်း

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာဟော်ကီလက်ရွေးစင် အသင်းသားများအတွက် ထောက်ပံ့ကြေး အလှူငွေများကို လှူဒါန်းလျက်ရှိရာ Naing Group ဆောက်လုပ်ရေးမှ MD ဦးကျော်နိုင်ဦးက အလှူငွေကျပ် လေးသိန်းနှင့် ငပလီဆောက်လုပ်ရေးမှ ဦးမြင့်နိုင်က ငွေကျပ်လေးသိန်း အသီးသီးလှူဒါန်းကြရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံရယူပြီး **(အောက်ပုံ)** အဆိုပါ ငွေလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် စခန်းသွင်းလေ့ကျင့်ရေး အတွင်းရေးမှူး ဦးကျော်ဌေးသိန်းတို့လည်း တက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**

ပုပ္ပား-၂ မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၁၆

မြောက်ဥက္ကလာပမြို့နယ် ညရပ်ကွက် ပုပ္ပား-၂ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၂၆)ကြိမ်မြောက် တရားစခန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ LL.B)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် ကဆုန်လပြည့်ကျော် ၃ ရက် (မေ ၂၅ ရက်) ဗုဒ္ဓဟူးနေ့ ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ထိုင်းသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း နာယက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးငြိမ်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် မေ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာ ထိုင်းနိုင်ငံသို့သွားရောက်၍ စီးပွားရေးလုပ်ငန်းဆိုင်ရာများကို လေ့လာကြပြီး နည်းပညာများဆွေးနွေးဖလှယ်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့တွင် ဦးပေါ် (ဦးပေါ်ထရေးဒင်း)၊ ဦးအုန်းရွှေနှင့် ဦးသိန်းညွန့် (အေးရတနာကုမ္ပဏီ)၊ ဦးကြီးမြင့် (M.OEM Co.)၊ ဦးကျော်ဝင်း (နေလင်းကျော်ထရေးဒင်း)၊ ဦးလှသိန်း (Xy Export)၊ ဦးကျင်လှိုင် (Agent Bee Rubber Tyre)၊ ဦးခင်ဟန်(ဣန္ဒစိတံ အထွေထွေထရေးဒင်း)၊ ဦးသိန်းသန်းဖြိုး(လင်းရောင်နီဦးကုမ္ပဏီ)၊ ဦးသိန်းသန်းတိုး (Global Technology Co.)၊ ဦးကျင်အောင်(အောင်မိသားစု)၊ ဦးတင်လှ(မြမြစန်း လက်ဖက်ခြောက်လုပ်ငန်း)တို့က အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပသည်။

အနိုင်ရ

ပြိုင်ပွဲတွင် ရထားပို့ဆောင်ရေးအသင်းနှင့် တပ်မတော်(ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရထားပို့ဆောင်ရေးအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ဘာစီလိုနာက လီဗန်တေးကို သရေကစားပွဲမကုန်မီ ဘာစီလိုနာ လာလီဂါချန်ပီယံဖြစ်ပြီ

မက်ဒရစ် မေ ၁၆

ဘာစီလိုနာအသင်းနှင့်လီဗန်တေးအသင်းတို့သည် မေ ၁၅ ရက်က စပိန်လာလီဂါပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျပြီး ဘာစီလိုနာက လာလီဂါဖလားကို ဆွတ်ခူးသွားပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် လက်ကျန်ပွဲနှစ်ပွဲ ကစားရန်ကျန်သော်လည်း ပွဲမကုန်မီ ဆုဖလားရရှိခြင်းဖြစ်သည်။ ယင်းဆုဖလားသည် ဘာစီလိုနာအတွက် (၁၇)ကြိမ်မြောက် အောင်ပွဲဖြစ်သည်။

ဘာစီလိုနာအသင်းသည် ဒုတိယနေရာမှ ရီးယဲမက်ဒရစ်ကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့၍ ယခုကဲ့သို့ ပွဲမကုန်မီ လာလီဂါသရဖူဆောင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာနှင့် လီဗန်တေးတို့ယှဉ်ပြိုင်ကစားရာတွင် လီဗန်တေးအသင်းက ဖွေဆော်ဦးဂိုး စသွင်းခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် အယ်လ်ဗာတိုရီဗာရာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း ပြန်စသည်နှင့် ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်ဒင်ဟို ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ဝင်လုရာတွင် ဒိုင်လူကြီးက အဝါကတ်ပြခဲ့သည်။

သို့ရာတွင် ဘာစီလိုနာအသင်းသည် ပွဲချိန် ၅၃ မိနစ်တွင် ထောင့်ကန်ဘောမှ ပြန်ထွက်လာသော ဘောလုံးကို ကင်မရွန်းတိုက်စစ်မှူး ဆမ်မြူရယ်အီတိုးက ခေါင်းတိုက် ချေပဂိုးသွင်းယူခဲ့သည်။

ထိုနေ့စောစောပိုင်းက ရီးယဲမက်ဒရစ်က တတိယနေရာမှ ဆီဗီးလ်အသင်းကို နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျခဲ့သည်။ **(ဆင်ဟွာ)**

ပရီမီယာလိဂ်ပွဲစဉ်(၃၈)အပြီး ဝက်စ်ဘရွန်း တန်းဆင်းဇုန်မှ လွတ်မြောက်

လန်ဒန် မေ ၁၆

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ် (၃၈)အဖြစ် မေ ၁၅ ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ တန်းစီဇယားအောက်ဆုံးရောက် ဝက်စ်ဘရွန်းက ပို့စ်မောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်သွားခဲ့သည်။

ဝက်စ်ဘရွန်းအတွက် ဂိုးများကို ဂျော့ဖ်ဟော့စ်ဖီးလ်နှင့် ရစ်ချပ်ဆွန်တို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။

ချာလ်တန်နှင့် ခရစ္စတယ်ပဲလေ့စ် ယှဉ်ပြိုင်ကစားရာတွင် တစ်ဂိုးစီ သရေကျပြီး ခရစ္စတယ်ပဲလေ့စ် တန်းဆင်းသွားသည်။

ထို့အတူ ဆောက်သမ်တန်အသင်းက အိမ်ကွင်း၌ မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး တန်းဆင်းသွားသည်။

ဖူဟမ်အသင်းနှင့် နော့ဝှစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင်လည်း နော့ဝှစ်ရှုံးပြီး တန်းဆင်းသွားခဲ့သည်။

အင်အမ်အေ၊ဆင်ဟွာ

ကမ္ဘာ့နံပါတ်(၁)ဖက်ဒါရာ ဟမ်းဘတ်ဖလားဗိုလ်စွဲ

ဘာလင် မေ ၁၆

ဆွစ်ဇာလန်မှ ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား ရိုဂျာဖက်ဒါရာသည် မေ ၁၅ ရက်က ပြင်သစ် ဆယ်ကျော်သက် ရစ်ချပ်ဒ်ဂတ်ကွတ်ကို ၆-၃၊ ၇-၅၊ ၇-၆ ဖြင့် နိုင်ပြီး ဟမ်းဘတ်မာစတာဖလားကို ဆွတ်ခူးသွားခဲ့သည်။

ကမ္ဘာ့နံပါတ်(၁) ဖက်ဒါရာသည် ပြီးခဲ့သောလက မွန်တီကာလိုမာစတာဖလား ကွာတားဖိုင်နယ်တွင် ဂတ်ကွတ်ကိုရှုံးနိမ့်ခဲ့ရာ ယင်းရှုံးကြွေးကို ပြန်ဆပ်လိုက်ပြီ ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သော ၅၉ ပွဲတွင် နှစ်ပွဲသာ ရှုံးခဲ့သည်။

ဖက်ဒါရာ၏ ယခုပွဲ ဗိုလ်စွဲခဲ့ခြင်းသည် (၁၉)ကြိမ်မြောက် ဆက်တိုက်အောင်ပွဲခံခဲ့ခြင်း ဖြစ်သည်။ **(ဆင်ဟွာ)**

ဟမ်းဘတ်မာစတာဖလား ဗိုလ်လုပွဲတွင် ဂတ်ကွတ်ကို အနိုင်ရပြီး အောင်ပွဲခံနေသော ဖက်ဒါရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီဖလားဆွတ်ခူးရန် ဘင်ဖီကာ တစ်မှတ်သာလို

လစ္စဘွန်း မေ ၁၆

ပေါ်တူဂီ အမှတ်ပေးဘောလုံးပြိုင်ပွဲများကို မေ ၁၅ ရက်က ယှဉ်ပြိုင်ကစားရာ ဘင်ဖီကာအသင်းက စပို့တင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချန်ပီယံဖြစ်ရန် လက်တစ်ကမ်းအလိုတွင် ရောက်ရှိသွားသည်။

ဘင်ဖီကာ၊ စပို့တင်းနှင့် ပေါ်တိုအသင်းတို့သည် ရမှတ် ၆၁ မှတ်စီဖြင့် ပေါ်တူဂီလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲဇယားတွင် ဦးဆောင်နေကြရာမှ ထိပ်သီး ဘင်ဖီကာနှင့် စပို့တင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ၌ ဘင်ဖီကာက အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယခုပွဲ ဘင်ဖီကာတို့ အနိုင်ရလိုက်၍ ဖလားဆွတ်ခူးနိုင်ရန် တစ်မှတ်သာလိုတော့သည်။

ဘင်ဖီကာအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဘရာဇီးနောက်တန်းလူ ကစားသမား လူးဝစ်ဆာအိုကသွင်းယူခဲ့ခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းသည် နောက်ဆုံးတစ်ပွဲမှ တစ်မှတ်ရခဲ့ပါက ၁၁ နှစ်အတွင်း ပထမဆုံးသော ပေါ်တူဂီ ချန်ပီယံဖြစ်လာမည်ဖြစ်သည်။ **ဆင်ဟွာ။**

ထူးခြားသည့် နေ့အပူချိန်များ

၁၆-၅-၂၀၀၅

မကွေး - ၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)

မင်းဘူး }
ပခုက္ကူ } - ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)

မြစ်ငယ်မြစ်ကူးတံတား(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ဆေး၊ စံချိန်စံညွှန်းမီ အမြန်ပြီးစီးရေးမှာကြား

ရန်ကုန် မေ ၁၆

မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ၁၂ရက် နံနက် ၇နာရီက မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မြစ်ငယ်မြစ်ကူးတံတား(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လက်ရန်းတပ်ဆင်ခြင်းနှင့် ဆေးသုတ်လုပ်ငန်း အပြီးသတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီအမြန်ဆုံးပြီးစီးရေးနှင့်လိုအပ်သည်များကိုမှာကြားစီမံဆောင်ရွက်ပေးပြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြစ်ငယ်တံတားမှာ အရှည် ပေ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့် လူသွားလမ်းအကျယ် လေးပေစီပါရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ၈၀နှင့် အမြင့်ရှစ်ပေခွဲဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅တန် ဖြစ်သည်။

ပင်းချားတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ လာကြရာ နံနက်၈နာရီတွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ရှိ ပင်းချားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ပင်းချားတံတားမှာ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၄၀၉/၅တွင် တည်ရှိပြီး အရှည်၂၂၄ပေ၊ ယာဉ်သွားလမ်းအကျယ်ပေ၂၀နှင့် လူသွားလမ်းအကျယ် သုံးပေစီ ပါရှိသည်။ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် တန်၆၀ ဖြစ်သည်။

မြို့ကြီးရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး နံနက်၉နာရီတွင် မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ စက်ယန္တရားများရရှိမှုနှင့် အသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ လုပ်ငန်းတစ်ခု ဖြစ်ပြီး သားစဉ်မြေးဆက် နောင်အရှည် အကျိုးခံစားရရှိရေးကိုပါ တွက်ချက်၍ တာဝန်ရှိသူအဆင့်ဆင့်က ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ကြရေး၊ လုံ့လဝီရိယအင်တိုက်အားတိုက် အပြည့်အဝစိုက်ထုတ်ပြီး စီမံကိန်းလုပ်ငန်းကြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တီထွင်ကြံဆဆောင်ရွက်ကြရေး၊ ကင်းတားရေလွှဲဆည်သို့ ရေပေးပို့မှုစနစ်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ ဇော်ဂျီမြစ်၏ ရေစီးရေလာ အခြေအနေ၊ ရေလှောင်တမံ အောက်ခြေ ရှင်းလင်းဆောင်ရွက်နေမှုအပါအဝင် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး နံနက်၁၁နာရီခွဲတွင် ကျောက်ဆည်ခရိုင် သစ်တပ်ကုန်းဆည်ရေသောက်ဧရိယာအတွင်း နေ့စပါးအပါအဝင် သီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက သစ်တပ်ကုန်း မြောင်းသောက် DY 30နှင့် TC မြောင်းများ၏ ရေသောက်ဧရိယာအတွင်း နွေစပါး အပါအဝင် သီးနှံများစိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သစ်တပ်ကုန်းမြောင်းကို ရေရှည်ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ ရေမရောက်သေးသည့် ဧရိယာများအတွက် ရေရောက်ရှိအောင် ဆောင်ရွက်ပြီး စိုက်ဧကတိုးချဲ့ရေး၊ မိုးစပါးဧက၁၀သိန်း ပြည့်မီရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တပ်ကုန်းဆည်ရေသောက် ဧရိယာအတွင်း အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့်နွေသီးနှံများစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တူးဖော်ဆောင်ရွက်နိုင်

သစ်တပ်ကုန်းရေလွှဲဆည်သည် သီးနှံစိုက်ပျိုးရန် လျာထားဧက ၅၀၀၀ ဧကအတွက် မြောင်းအလျားမိုင် ၁၅မိုင်ဖြင့် မူလကဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သီးနှံစိုက်ဧက ၆၀၀၀ တိုးချဲ့၍ စုစုပေါင်း စိုက်ဧက ၁၁၀၀၀ ရေသောက်နိုင်ရန် ထပ်မံ၍ မြောင်းအရှည် ၁၃မိုင်ကို တူးဖော်ဆောင်ရွက်နိုင်ခဲ့ပြီး တံတားဦးမြို့နယ် သူငယ်တော်ကန် ရေသောက် ဧရိယာများအထိပါ ရေရောက်ရှိ ဖြန့်ဝေပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပလိပ်မြို့သို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပစ္စည်းဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ တမာပိုးသတ်ဆေးစက်ရုံ(ပလိပ်)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကြီးကြပ်ရေးမှူး ဒေါ်ရီရီမွန်က စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု၊ တမာပိုးသတ်ဆေး ထုတ်လုပ်မှုအဆင့်ဆင့်၊ တမာပိုးသတ်ဆေးနှင့်ဘေးထွက်ပစ္စည်းများ အသုံးပြုပုံ၊ ထုတ်လုပ်နိုင်မှုစွမ်းအား၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ၂၀၀၅-၂၀၀၆ခုနှစ် တမာစေ့ဝယ်ယူရန် လျာထားချက်နှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ရုံ၏ ကုန်ကြမ်းတမာစေ့ ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်းတမာပိုးသတ်ဆေးထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး မြစ်ငယ်-ထုံးဘို ဖြတ်လမ်းရှိ လမ်းဘေးဝဲယာတစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး မန္တလေးမြို့ မြို့ပတ်လမ်း၏ လမ်းပိုင်းကြွခိုင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။**(သတင်းစဉ်)**

တောင်ငူမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ဖောက်လုပ်နေမှု နယ်စပ်/စည်ပင်ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မေ ၅ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် နှင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်တို့ လိုက်ပါလျက် တောင်ငူမြို့နယ်အပိုင်းတွင် ခရိုင်ချင်းဆက်လမ်းအမှတ် (၂) ဖောက်လုပ်နေသော ထုံးဘိုကြီးရွာရှိ မြေသားလမ်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းညွှန်ကြားရေးမှူးနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်တို့က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးမကျမီ မြေသားလမ်းများ ပြီးစီးရေး၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ရေး၊ မြေသားလမ်းကို ကျောက်ခင်းသည့်အခါ အရည်အသွေးကောင်းသော လမ်းဖြစ်စေရေးအတွက် အောက်ခံမြေမာရရှိအောင် ဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကရင်ချောင်းရွာအနီး ကရင်ချောင်းကိုဖြတ်၍ အရှည် ပေ၁၅၀၊ အကျယ်၁၄ပေ၊အမြင့်ရှစ်ပေရှိ သစ်သားတံတားဆောက်လုပ်နေသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး **(ဝဲပုံ)** တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ တံတားအရည်အသွေးကောင်းမွန်ရေး၊ မိုးမကျမီ ပြီးစီးရေး၊ ရေလမ်းကြောင်း မှန်ကန်ရေးတို့အား သေချာစွာဆောင်ရွက်ရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) လမ်းကြောင်းတစ်လျှောက် စစ်ဆေးကြည့်ရှုပြီး ရေတာရှည်မြို့နယ် ရှမ်းတက်ရွာအနီး တောင်ကိုဖြတ်၍ မြေသားလမ်းဖောက်လုပ်နေသော အတက်ကြီးစခန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီးအား တိုင်းညွှန်ကြားရေးမှူးနှင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လုပ်ငန်းဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လက်ရှိနေရာသည် တောင်ကြောအား အတန်းဖြတ် ဖောက်လုပ်ထားသဖြင့် မြေဖြတ်၊ မြေဖြည့်လုပ်ငန်းများခြင်း၊ ကုန်ကျစရိတ်များခြင်း၊ အတက်အဆင်း မတ်စောက်သဖြင့် အန္တရာယ်များခြင်းကြောင့် အဆင်းလမ်းကြောင်းအား တောင်ကြော၏ ဘယ်ဘက်၊ သို့မဟုတ် ညာဘက်ဆင်ခြေလျှောအတိုင်း နှစ်ထပ်၊ သုံးထပ် အထပ်ကွေ့ဖြင့် ဖောက်လုပ်နိုင်ရန် လမ်းအူကြောင်းသစ် ထပ်မံရှာဖွေ၍ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှာ အရှည် ၃၃မိုင် ခြောက်ဖာလုံရှိပြီး ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း ၄မိုင် ၄ဒသမ ၉၇ဖာလုံ၊ ကျောက်ချောလမ်း ၇မိုင် နှစ်ဖာလုံ၊ သစ်သားတံတား ကိုးစင်း၊ ရေပြွန်တံတား ၃၁စင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်း ဇီဝိတဒါနအလှူတော်

ရန်ကုန် မေ ၁၆

ရန်ကင်းပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ လူမျိုးဘာသာမရွေး ဝေဒနာရှင် များအတွက်ဖွင့်လှစ်ထားသောကုသိုလ်ဖြစ် ဆေးခန်း ဇီဝိတဒါန အလှူတော်အဖြစ် ကျိုက္ကဆံ စူပါဝမ်းကုန်တိုက်ဝန်ထမ်းများ စုပေါင်း၍ အလှူတော်ငွေကျပ် ငါးသောင်းနှစ်ထောင်ခြောက်ရာကိုလည်းကောင်း၊ သဃ်ၤန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်း ဇဝနဆေးစတိုး မိသားစုက အလှူတော်ငွေကျပ် လေးသောင်းရှစ်ထောင်တန်ဖိုးရှိ အနောက်တိုင်းဆေးမျိုးစုံကိုလည်းကောင်း၊ ဇဝနရပ်ကွက် သာသနရက္ခိတမေ္ဘာရုံ အမှုဆောင်အဖွဲ့က အလှူတော်ငွေကျပ် သုံးသောင်းကို လည်းကောင်း၊ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီ လက်ခံရထံဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် ရွှေပြည်ဟိန်းကျောင်းဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

17-5 (12).p65 1 3/24/05, 8:18 PM

နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ မြို့ဟောင်း ရပ်ကွက် ခမည်းတော် ဦးစံသူ၊ မယ်တော် ဒေါ်ဖွားရှင်တို့မှ ၁၂၇၆ ခုနှစ် ဝါဆို လပြည့်ကျော် ၁ရက်(အင်္ဂါနေ့)တွင် ဖွားမြင်တော် မူသော တစ်ဦး တည်းသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၂ခုနှစ် ကဆုန်လဆန်း ၁ ရက် (တနင်္ဂနွေနေ့)တွင် သန်လျင်မြို့ ပထမဘုံပျံ ဆရာတော်ကြီး ဘဒ္ဒန္တသုဇာတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၆ ခုနှစ် နယုန်လဆန်း၁၀ရက် (အင်္ဂါနေ့)တွင် ခရမ်းမြို့ ဓမ္မိကာရာမ ရွှေကျင်ကျောင်းသစ်တိုက် ခဏ္ဍသိမ်၌ ပထမဆရာတော် ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ခရမ်းမြို့ ဦးတင်-ဒေါ်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သန်လျင်မြို့ ဘုံပျံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိ၊ ဘဒ္ဒန္တပညာ၊ ခရမ်းမြို့ ဓမ္မိကာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဥေယျ၊ ဘဒ္ဒန္တဣန္ဒာသဘ၊ ဘဒ္ဒန္တပုည၊ ဘဒ္ဒန္တပညာဝ၊ ကျိုက်လတ်မြို့နယ် ပစ္ဆိမာရုံကျောင်းတိုက် သတ္တမမြောက် ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တကေလာသစသော ဆရာတော်တို့ထံ၌ ပိဋကတ်စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ခရမ်းမြို့ မဟာဓမ္မိကာရာမကျောင်းတိုက်၌လည်း ကောင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘို၊ ကန္ဒီ၊ ဂေါလ်မြို့စသည်တို့၌လည်းကောင်း၊ တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက်၌လည်းကောင်း တပည့်၊ ရဟန်း၊ သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခဲ့ပြီး ယမိုက် ၁၀ ကျမ်း၊ အရကောက်၊ ပဋ္ဌာန်း နယပူပဒေသ ကျမ်းစသည်တို့ကို သီဟိုဠ်ဘာသာ ပြန်ဆိုတော်မူ၍ လည်းကောင်း၊ ရွှေကျင်ဂိုဏ်း ရတ္တညုမဟာ နာယက နိုင်ငံတော်သြဝါဒါစရိယ အဖြစ်ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ၁၉၉၃ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါအရ ၁၃၆၇ခုနှစ် ကဆုန်လဆန်း၈ရက် (၂၀၀၅ခုနှစ် မေလ၁၅ရက်) တနင်္ဂနွေနေ့ ည၉နာရီ ၁၅မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဉာဏိန္ဒ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် မေ ၁၆

နိုင်ငံတော် သြဝါဒါစရိယ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက်မှ ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၇ခုနှစ် ကဆုန်လဆန်း ၈ ရက် (၁၅-၅-၂၀၀၅ရက်) တနင်္ဂနွေနေ့ ည ၉း၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၁၄ရက် (၂၁-၅-၂၀၀၅ ရက်) စနေနေ့ မွန်းတည့်၁၂နာရီအချိန် အထက်ပါကျောင်းတိုက်၌ အန္တိမဈာပန ပူဇာသဘင် ဆင်ယင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်း ရရှိသည်။ **(သတင်းစဉ်)**

စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းများဖွင့်မည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှ ပြုပြင်မှုသင်တန်း အမှတ်စဉ်(၄/၂၀၀၅)ကို ဇွန်၆ရက်မှ ၁၄ရက်အထိ နေ့စဉ် မွန်းလွဲ၂နာရီမှ ညနေ၄နာရီအထိလည်းကောင်း၊ စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းအမှတ်စဉ် (၁/၂၀၀၅)ကို မေ၁၇ရက်မှ ၂၇ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ညနေ၄နာရီအထိလည်းကောင်း သင်တန်းသား သင်တန်းသူ ၅၀စီဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးများအဖြစ် ပန်းအလှ ပြုပြင်မှုသင်တန်းကို အသင်းဝင်များနှင့် ပြင်ပပုဂ္ဂိုလ်များ အတွက် တစ်ဦးလျှင်ကျပ်၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ်၅၀၀၀စီ၊ စီးပွားဖြစ်သစ်ခွ စိုက်ပျိုးနည်း သင်တန်းကို အသင်းဝင်နှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ်၈၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ် တစ်ဦးလျှင် ကျပ်၉၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ **(၃၀၈)**

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့အခမ်းအနား လားရှိုး၌ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သူနာပြုနေ့အထိမ်းအမှတ် အခမ်းအနားကို လားရှိုးမြို့ မြို့တော်ခန်းမ၌ မေ ၁၂ရက် နံနက်က ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) သူနာပြု အသင်းခွဲ နာယက ခေတ္တတွဲဖက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ပြည်နယ်(ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေး) ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်က အမှာစကားပြောကြားပြီး အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းကြာယုံမှ အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဆောင်ပုဒ်ဖြစ်သော “Nurses for Patient Safety ”“လုံခြုံစိတ်ချလူနာဘဝ ပြုစုသည်မှာသူနာပြုပါ” ဆောင်ပုဒ်ကိုအခြေခံ၍ လားရှိုးပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမဒေါ်နော်ယွာအယ်ထူးနှင့်ခါးသျှိကျေးလက်ကျန်းမာရေး ဌာနမှ သားဖွားဆရာမ ဒေါ်ခင်မသွင်တို့က လည်းကောင်း အသီးသီး ရှင်းလင်းဟောပြောသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း)သူနာပြု အသင်းခွဲမှ အငြိမ်းစားသက်ကြီးသူနာပြုဆရာမကြီးများအတွက် တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ၃၂ဦးအတွက် ကျပ်သုံးသိန်း နှစ်သောင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းခွဲအတွက် ပြည်နယ်အမျိုးသမီးရေးရာ နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်ဇင်က အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းချီးမြှင့်ကြရာ အသင်းခွဲ ဒုတိယဥက္ကဋ္ဌ၊ သူနာပြုဆရာမကြီး ဒေါ်နန်းကြာယုံက လက်ခံရယူသည်။ ဆက်လက်၍ ထူးချွန်သူနာပြုများအား ဂုဏ်ပြုဆုချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

မြူးဆရာတော် ပြည်ပသာသနာပြု ကြွရောက်တော်မူ

ရန်ကုန် မေ ၁၆

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဗဟုဇနဟိတဓရ ဓမ္မကထိက)မဟာစည် ပြည်တွင်းပြည်ပနာယက ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ (လှိုင်)ရန်ကုန်မြို့နှင့်ဖြူးမြို့ မဟာစည်သာသနာရိပ်သာကြီး၏ ပဓာန နာယက ဆရာတော်အရှင်သူမြတ်သည် ၁၃၆၇ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက် (မေ ၆ရက်)က မြတ်ဗုဒ္ဓ၏ မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်ပေးတရားများ ဟောကြားချီးမြှင့်ရန်အတွက် ပြည်ပနိုင်ငံများသို့ ဓမ္မဒူတ တရားဟောပြည်ပ သာသနာပြုခရီး ကြွရောက်တော်မူရာ တပည့်သံဃာတော်များ၊ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ(လှိုင်)နှင့်ဖြူးမြို့မဟာစည်သာသနာရိပ်သာများမှ အကျိုးတော်ဆောင်များ၊ တပည့် ဒါယကာ ဒါယိကာမများက သြဝါဒခံယူ ပူဇော်ပွဲကျင်းပ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

အောင်မေတ္တာ ကုမ္ပဏီလီမိတက် ကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့်နှစ်ပတ်လည်ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာပြည်တွင် ပထမဦးဆုံး ဘောလ်ပင်နှင့် စာရေးကိရိယာ ပစ္စည်းများကို Export ပြုလုပ်နိုင်သည်အထိ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသော အောင်မေတ္တာကုမ္ပဏီလီမိတက်၏ ကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့် နှစ်ပတ်လည် မိတ်ဆုံစားပွဲကို မေ ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ အောင်မေတ္တာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းအောင်**(အောက်ဝဲပုံ)**က အောင်မေတ္တာကုမ္ပဏီလီမိတက်သည် (Super Reynold) ဘောလ်ပင်၊ (noti) မင်စို ဘောလ်ပင်၊ (noti) မင်ဖျက်ဆေး၊ ခဲတံဘောလ်ပင်နှင့် ခဲတံများကို ပြည်တွင်း၌ ထုတ်လုပ်ပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပရိသတ်များအား ကုမ္ပဏီမှထုတ်လုပ်သည့် ကုန်ပစ္စည်း အမယ်သစ်(အမည်သစ်)များဖြင့် မိတ်ဆက်ပေးသည်။

ဆုများချီးမြှင့်

ယင်းနောက်အောင်မေတ္တာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကြည်မင်းက ကုမ္ပဏီမှ ထုတ်လုပ်သည့် စာရေးကိရိယာများ၏ အရည်အသွေးကို ရှင်းလင်းပြောကြားပြီး ကံစမ်းမဲရရှိသူများနှင့် အရောင်းထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် နှစ်ပတ်လည် မိတ်ဆုံစားပွဲကို ကျင်းပပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အင်တာနက်မိတ်ဆက်သင်တန်းဆင်း

ရန်ကုန် မေ ၁၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(MWEA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)တို့ ပူးပေါင်းစီစဉ်မှုဖြင့်ဖွင့်လှစ်ခဲ့သည့် အင်တာနက်မိတ်ဆက်သင်တန်း အပတ်စဉ် (၆/၂၀၀၅)သင်တန်းဆင်းပွဲကို မေ၆ရက် ညနေ ၅နာရီက လှိုင်မြို့နယ် MICT Park ရှိ e-LearningCenterတွင် ကျင်းပသည်။ ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်လှဝတီက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး**(အပေါ်ပုံ)**နှင့်အမှုဆောင်များက သင်တန်းသူ၊ သင်တန်းသား ၄၇ ဦးတို့အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ **(က-ပ)**

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်(ငြိမ်း)-ဒေါ်မေဝင်းထွန်း
တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးမြတ်လင်းထွန်း

B.E (EP),(D.S.T.A),M.Sc(Engg; & Tech;)
(Electrical Engineering, Electromechanic and Electrotechnology

နှင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ
မြန်မာသံအမတ်ကြီး ဦးသိန်းလွင်-ဒေါ်နွဲ့နွဲ့ဟန်
တို့၏သမီးကြီး

မငြိမ်းအိအိလွင်

B.Sc (Hons;) (Physics)

တို့၏ ၁၀-၅-၂၀၀၅ရက်နေ့တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေးအားလည်းကောင်း၊ ၁၅-၅-၂၀၀၅ ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ သမီး ဒေါ်သန္တာရွှေအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့အား လည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီးတို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြသော နိုင်ငံတော်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်အသီးသီးမှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့်စစ်ဘက်နယ်ဘက်အသီးသီးမှအရာရှိကြီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မကေခိုင်ကျော်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးသော ညီမငယ် မဇင်နွယ်လွင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမငယ် မနှင်းပွင့်မြိုင်တို့အားလည်းကောင်း၊ သတို့သားအရန် ဗိုလ်ကြီးအေးကိုကို၊ ဗိုလ်ကြီးကိုကိုအောင်၊ သတို့သမီးအရန် မမေသက်နိုင်နှင့် မခင်လတ်လတ်နိုင်၊ သတို့သမီးဝတ်စုံ မိတ်ကပ် ရွှေကြည်၊ မိတ်ကပ်ဆံပင် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာပန်းအလှ စီစဉ်ပေးသော ဗိုလ်မှူးကျော်သူရနှင့် ဒေါ်မြမြတ်ခိုင်၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ရပ်ဝေးရပ်နီးမှ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမြတ်လင်းထွန်း-မငြိမ်းအိအိလွင်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့၊ ၁၄/၂၆၊ ညောင်ရမ်းလမ်းနေ
ဗိုလ်မှူးသန်းဆွေ(ငြိမ်း)-ဒေါ်ခင်မြင့်တင်တို့၏သား

ဗိုလ်မှူးသန်းဇော်ထူး

B.Sc (D.S.A)

နှင့်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့၊ ၁၇/၈၂၀၊ ညောင်ရမ်းလမ်းနေ
(ဦးလှမောင်)-ဒေါ်အုံးခင်တို့၏သမီး

ဒေါက်တာဇင်ဇင်သန့်

M.B.,B.S, M.Med.Sc. (Anaesthesia)

တို့၏ Yuzana Hotel၌ ၁၅-၅-၂၀၀၅ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပသော မင်္ဂလာညည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြည်ဝင်းနှင့်ဇနီး ဒေါ်ခင်မြမွန်၊ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သော ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်နှင့် သူငယ်ချင်း အရာရှိများ၊ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့်ဇနီး၊ စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးသန်းဇော်ထူး-ဒေါက်တာဇင်ဇင်သန့်။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဗိုလ်ကြီးရဲမြင့်)-ဒေါ်ခင်လှိုင်(နန်းညွန့်ရတနာရွှေဆိုင်)တို့၏မြေး၊
သန်လျင်မြို့နေ ဗိုလ်မှူးစံဝင်း(ငြိမ်း)-ဒေါ်မာမာမြင့် တို့၏ သားကြီး

မောင်ကြည်ညွန့် နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအေးလွင်-ဒေါ်မြင့်မြင့်သိန်းတို့၏ တစ်ဦးတည်းသော သမီး

မအေးသန့်ရည်မွန်လွင်

B.A (Business Management)
Diploma in Building Technology

တို့ကို ၁၂-၅-၂၀၀၅ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ဒေါ်မြင့်မြင့်သိန်း (ဒုတိယခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်)၊ အသိသက်သေလက်မှတ်ရေးထိုးပေးကြသော ဦးစိုးမြင့် (နန်းညွန့် ရတနာရွှေဆိုင်)၊ ဒေါ်ချိုချိုတင်(တရားရုံးချုပ်ရှေ့နေ)၊ ၁၅-၅-၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် Excel Treasure Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေး၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့်ဇနီး ဒေါ်ခင်ဌေးမြင့်၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၏ဇနီး ဒေါ်မြသီဂီ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ဇနီး ဒေါ်နီနီဝင်း၊ ကျောင်းဆင်းသူငယ်ချင်းများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် နွဲ့ယဉ်ဝင်း၊ မေတ္တာဖြင့်မင်္ဂလာပန်းကြဲပေးပြီး မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်ထပ် လက်စွပ်များ ကိုင်ဆောင်ပေးသော မနိုင်သဉ္ဇာဝေချို၊ သတို့သားအရန် မောင်စိုးသူရလွင်နှင့် သတို့သမီးအရန် မချိုသဲနွယ်၊ မင်္ဂလာလက်စွပ်လက်ဖွဲ့ပေးသော မမကြီး အေမီစံဝင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော ရောင်စဉ်လှိုင်း တေးဂီတအဖွဲ့၊ မိတ်ကပ် ပွင့်၊ ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Excel Treasure Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ကြည်ညွန့်-မအေးသန့်ရည်မွန်လွင်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ မဟာသုခိတာလမ်း၊ အမှတ် (14/D)နေ
(ဦးဦးတင်)-ဒေါ်ဌေးတို့၏သား

မောင်သက်နောင်ဦး **A.G.T.I (Mechanical Power)**

Diploma in Mechatronics(Temasek Polytechinc)
Technical Specialist in Hewlett Packard Singapore(Private)Limited

နှင့်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ မဟာသုခိတာလမ်း၊ အမှတ်(14/B)နေ
ဦးလှမိုး(ကထိက-ငြိမ်း၊ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)- Dr. သဥ္ဇာဖြူတို့၏သမီး

Dr. နှင်းပွင့်ဖြူ M.B.,B.S (Ygn)

Demonstrator(Department of Biochemistry) Institute of Medicine Magway

တို့၏၁၄-၅-၂၀၀၅ရက်တွင် **IBC**၌ကျင်းပသောမင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဦးကိုကိုမြင့် (ဗဟိုတရားရုံးချုပ်ရှေ့နေ)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်မေသဇင်(ဆေးတက္ကသိုလ်၊မကွေး)အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်များဖြင့် အလှဆင်ပေးသော မိတ်ကပ်ခင်စန်းဝင်းအား လည်းကောင်း၊ **IBC**မှဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သက်နောင်ဦး-ဒေါက်တာနှင်းပွင့်ဖြူ။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်အိမ်ရာ၊ အမှတ် ၄၉(A)နေ
ဦးထွန်းလှိုင် Director (XIE Family Co.,Ltd.)-ဒေါ်ခင်သန်း
(Snow White Gems & Jewellery) တို့၏သားထွေး

မောင်ကျော်ဇေယျာလှိုင် **B.Sc (Botany)**

(Snow White Gems & Jewellery-Gems Museum)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မြနန္ဒာလမ်း၊ အမှတ် ၃၂၄နေ
ဦးကျော်ဝင်း(အင်/ယာ၊ ငြိမ်း၊ ဆလက)-ဒေါ်တင်တင်လှ(NORA)တို့၏သမီးထွေး

မစန္ဒာကျော် **B.Sc (Botany)**

Mascots Co., Ltd.

တို့၏ ၁၄-၅-၂၀၀၅ရက် (စနေနေ့) Yuzana Garden Hotel ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ထုဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီး ဦးလှိုင်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းတို့အားလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်မှ ဒါရိုက်တာများနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် တကွ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဟေမာနေဝင်းနှင့် The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ် စိုးစိုး၊ သတို့သမီးဝတ်စုံ မအေး၊ မဌေးနှင့် မင်္ဂလာပန်းကြဲပေးသည့် သမီး မြသူဇာခင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ကိုင်ဆောင်ပေးသော မထက်စံ၊ မသဲသဲကျော်တို့အားလည်းကောင်း၊ သတို့သားအရန် မောင်စိုးလင်းမောင်၊ မောင်စိုးဝဏ္ဏထွန်းနှင့် သတို့သမီးအရန် မဝင့်ရည်မွန်၊ မဇီဇဝါဖြူတို့အားလည်းကောင်း၊ ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ Yuzana Garden Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျာလှိုင်-မစန္ဒာကျော်။

သက်ကြီးစာပေပညာရှင်များအား ကန်တော့ငွေပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

ခန့်ခန့်ကြီး ဓာတ်ပုံတိုက်ပိုင်ရှင် ဒေါ်ခင်မကြီး (စာရေးဆရာမကြီး ပတ္တမြားခင်)၏ အသက်(၈၁)နှစ်ပြည့် မွေးနေ့ အမှတ်တရ ငွေလှူဒါန်းပွဲကို ယနေ့နံနက်၁၀နာရီက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋက ကျောင်းတော်တွင် ကျင်းပသည်။

လှူဒါန်းပွဲတွင်တည်ဆောက်ဆဲ တိပိဋကကျောင်းတော်အတွက် ငွေကျပ်တစ်သိန်း၊ ဆရာတော်ဦးပညာဇောတ (ကိုပညာ-အမရပူရ)သို့ ငွေကျပ်ငါးသောင်း၊ စာရေးဆရာကြီး ဦးထင်ဖတ် (မောင်ထင်)သို့ ကန်တော့ငွေကျပ်တစ်သိန်း ခုနစ်သောင်းနှင့် သတင်းစာဆရာကြီးဦးသန်းညွန့် (မဏ္ဍိုင်၊ ဟံသာဝတီ)၊ ကဗျာဆရာများဖြစ်ကြသော မောင်ယဉ်နွယ်နှင့် ဆွေဦးမြင့်၊ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်၊ မန္တလေးမှ စာရေးဆရာမ မကိုတို့အား ပတ္တမြားခင် ရန်ပုံငွေအဖွဲ့များက တစ်ဦးကို ငွေကျပ်တစ်သိန်းခုနစ်သောင်းစီပေးအပ်လှူဒါန်းသည်။ **(မြန်မာ့အလင်း)**

ဖလားဝါးနယူးဂျာနယ် အတွဲ(၁)၊အမှတ်(၂၈)ဖြန့်ချိ

ရန်ကုန် မေ ၁၆

ပင်လယ်လိပ်များ သတ်စားလျက်ရှိရာ မျိုးမသုဉ်းစေရန် ဥပဒေပြဋ္ဌာန်း ကာကွယ်နေရ၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းမှ ရရှိသော နိုင်ငံခြားငွေများ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေး ဘဏ်များတွင် အပ်နှံရမည်၊ မလေးရှားက မြန်မာလုပ်သား လိုအပ်ကြောင်း အကြောင်းကြားစာများ ပိုမိုရောက်ရှိလာ၊ မြန်မာ့နမ်းနက်ဂျပန် မစ်ဆူဘီရှိကုမ္ပဏီက ဝယ်ယူမည့် စသည့်မျက်မှောက်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ဖူးမှုတ်သည့် ကလေးအပြောကို ဘာသာပြန်မည့်စက် ဂျပန်တီထွင်၊ ယူရေနီယံမှ ဓာတ်ငွေ့သို့ ပြောင်းလဲခဲ့ကြောင်း အီရန်နိုင်ငံဝန်ခံ၊ ကိုရီးယား မင်းသားချော ဘေယောင်ဂျွန်းပါသည့် ဧပြီနှင်း ဓာတ်ကားသစ် ဂျပန်တွင် ဟောလိဝုဒ်ကားကိုကျော်ကာ ဝင်ငွေစံချိန်ချိုး၊ စွန့်ပစ်ခံ မွေးကင်းစကလေးငယ်ကို ခွေးသားအုပ်မကြီးက ကယ်တင် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်တွင် ပညာဂုဏ်ရောင်စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

ဘိုကလေး မေ ၁၀

ဘိုကလေးမြို့နယ် ကမာကလူကျေးရွာတွင် ပညာဂုဏ်ရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၆ရက်က ကမာကလူကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စောတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းသို့ စာကြည့်တိုက်အတွက် ငွေကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့သစ်မြို့နယ်တွင် နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး ဓာတ်မြေသြဇာနှင့် ဇီဝစုပါ ရွက်ဖျန်းမြေသြဇာ စုပေါင်းပက်ဖျန်း

မြို့သစ် မေ ၄

မကွေးတိုင်း မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နွေစပါးပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် ဓာတ်မြေသြဇာနှင့် ဇီဝစုပါရွက်ဖျန်းမြေသြဇာ စုပေါင်းပက်ဖျန်းပွဲကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက ပုလင်းကျေးရွာ လယ်မကွင်းအမှတ် (၁၃၀၄)၌ တောင်သူ ၉၅ဦးတို့က ဓာတ်မြေသြဇာနှင့် ဇီဝစုပါ ရွက်ဖျန်းမြေသြဇာများကို နွေစပါးစိုက်ခင်း ဧက ၁၀၀တွင် စုပေါင်းပက်ဖျန်းကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးပေါကြွယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး တောင်သူဦးကြီးများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငါးပြေမကျေးရွာအုပ်စု ရပ်ရွာပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက်ကကျင်းပရာ ငပုတောမြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိန်သောင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုး စည်ပင်

မြစ်သားတွင် ကျေးရွာရုံးသစ်နှင့် ကျန်းမာရေးဌာနခွဲနှင့် ကိုယ့်အားကိုယ်ကိုး အလိမ္မာစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

မြစ်သား မေ ၈

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လွန်ကျော်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အလိမ္မာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ရုံးသစ်ရှေ့၌ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးစိုးမြင့်အောင်၊ အလှူရှင် အရာခံဗိုလ်အောင်မြင့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းမြနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျေးရွာရုံးသစ်၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အလိမ္မာစာကြည့်တိုက်အား အလှူရှင်အရာခံဗိုလ်အောင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ကြဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့ မြေပုလ္လင်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့် ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံပြီ

စလင်း မေ ၃

မကွေးတိုင်း စလင်းမြို့နယ် မြေပုလ္လင်ကျေးရွာတွင် အလှူရှင်စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက်က ကျင်းပရာ အလှူရှင်ဦးစိန်အောင်မင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

သောက်သုံးရေဖူလုံ

အဆိုပါ စက်ရေတွင်းကို ရန်ကုန်မြို့ ထောက်ကြန့်တောင်ပိုင်းနေ အလှူရှင် ဦးစိန်အောင်မင်း(ခ)ဦးမြသောင်း မိသားစုက ငွေကျပ်ဆယ်သိန်းနှင့် ကွယ်လွန်သူ ဦးသင်းမောင်(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)ကို ရည်စူး၍ ညီမဖြစ်သူဒေါ်အုန်းကြွယ် (ကထိက၊ ဌာနမှူး၊ တပ်မတော်ဆေးတက္ကသိုလ်) က ငွေကျပ်နှစ်သိန်းငါးသောင်း စုစုပေါင်း ငွေကျပ်တစ်ဆယ့်နှစ်သိန်းငါးသောင်းဖြင့် တူးဖော်ခြင်းဖြစ်ပြီး အနက် ၂၇၅ ပေ၊ တစ်နာရီ ဂါလန် ၈၀၀ ကျော်ထွက်ရှိသဖြင့် မြေပုလ္လင်ကျေးရွာနှင့် အနီးတစ်ဝိုက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာဆိုင်းဘုတ်

ဧပြီ ၇ ရက်က စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် ဆင်သေစံပြကျေးရွာ လမ်းဆုံကျွန်းတွင် သုံးဘက်မြင် ကျေးရွာဆိုင်းဘုတ်ပြုလုပ်ခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိဦးလှမိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်က မကွေးမြို့ ဆားစည်ရပ် ၁ လမ်းနှင့် ပန်းခြံလမ်းတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး (သန့်) ဦးမျိုးနိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

တာချီလိတ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

တာချီလိတ် မေ ၁၀

တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပွေယုန်း(ရွာသစ်)ကျေးရွာတွင် မိုးသောက်ကြယ်၊ ပွေယုန်း(ရွာဟောင်း)ကျေးရွာတွင် ပြည့်ဝေနှင့် ဝမ်ထောက်ခုံ(အခါ)ကျေးရွာတွင် ပွင့်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်ပွဲအခမ်းအနားကို မေ ၁ရက်က အဆိုပါ ကျေးရွာများတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ်တွင် တိ–နိ ဆွမ်းဆန်တော်ဆက်ကပ်

မော်လမြိုင်ကျွန်း မေ ၁၀

မော်လမြိုင်ကျွန်းမြို့နယ်မှ တိ–နိ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို မေ၆ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့နယ် ရွှေမြန်မာလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး ပထမထပ်ခန်းမ၌ကျင်းပရာ တိ–နိ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရနှင့် ဒွိပိဋကဓရ ဘဒ္ဒန္တ သီလာစာရတို့ထံ ဆွမ်းဆန်တော် အိတ်၁၃၀ကို မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် ကျွဲသလင်းကျေးရွာ အလှူရှင်များ ကိုယ်စား ဦးသောင်းညွန့်–ဒေါ်တင်ကြည်(ရွှေမြန်မာလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ တိ–နိ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲများကို မေ၆ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ဝကျေးရွာ အလှူရှင်များက ဆွမ်းဆန်တော်အိတ်၁၉၀ကိုလည်းကောင်း၊ မေ၇ရက်နံနက်၁၀နာရီက လှိုင်းဘုန်းမြို့နယ် အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀ကို လည်းကောင်း တိ–နိ မဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။**(အောက်ပုံ)** (ဝ၉၇)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ညောင်ဦးခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် စက်ချုပ်နှင့် မုန့်လုပ်နည်း သင်တန်းအမှတ်စဉ် (၃/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (၃၀၀)



ဆယ့်တစ်မီးငြိမ်းစေတီတော် အထက်ဌာပနာပိတ် စောင်းတန်း၊ ရေကန်နှင့် ကျောင်းရေစက်ချလှူဒါန်းပွဲကျင်းပ

တိုက်ကြီး မေ ၅

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်း ဆုတောင်းပြည့် ဇမ္ဗူအေး တစ်ဆယ့်တစ်မီးငြိမ်း စေတီတော် အထက်ဌာပနာပိတ်ပွဲ၊ စောင်းတန်း၊ မီးစက်၊ ရေစက်၊ ရေကန်၊ ကျောင်းလှူဒါန်းမှု အစုစုရေစက်ချပွဲနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပန်းတစ်ပွင့်တောင်တောရကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာသာရအား ဂုဏ၀ိသိဋ္ဌပူဇော်ပွဲကို ဧပြီ ၂၃ရက်နံနက်က အဆိုပါတောရကျောင်း မဟာဓမ္မသုခဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် စစ်ကိုင်းမြို့ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မှော်ဘီမြို့ ကိုးလုံးကွင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောမန နှင့် ပင့်သံဃာတော်များ၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်မှ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်များ၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဝေ၊ ဗိုလ်မှူးကြီးဝင်းမြင့်၊ ဦးစီးအရာရှိများ၊ မိသားစုများ၊ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ်ဦးမျိုးညွန့်–ဒေါ်တင်တင်ဝင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိထံမှ ပရိသတ်များက ကိုးပါးသီလခံယူကာ တပ်နယ်မှူး **(အပေါ်ပုံ)** အလှူရှင် ကပ္ပတိန် ကြည်ရှိန်မိသားစု၊ ဒေါ်တင်တင်ဝင်း၊ ဦးအောင်မျိုး မိသားစု တို့က ဌာပနာပစ္စည်းများ ဆရာတော်ထံ ဆက်ကပ်ပြီး ဆုတောင်းပြည့် ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း စေတီတော်သို့ ပင့်ဆောင်ကြပြီး ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ဌာပနာသွင်းပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ပန်းတစ်ပွင့်တောင် တောရ သာသနာပြုကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာသာရအား တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ၀ိသိဋ္ဌပူဇော်ပွဲကျင်းပရာ လှိုင်မြို့နယ်စိန်ပန်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓက ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြားလျှောက်ထားပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဗီဒီယိုဥပဒေ စည်းမျဉ်း၊ စည်းကမ်း နွားထိုးကြီးတွင်ရှင်းလင်း

နွားထိုးကြီး မေ ၅

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ဗီဒီယိုလုပ်ငန်းရှင်များတွေ့ဆုံပြီး ဗီဒီယိုဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာ ပြသကြရေး တွေ့ဆုံ ရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ၁၉ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်ကြီးကြပ်အတွင်းရေးမှူး ဦးလှမြင့်တို့က ဗီဒီယိုလုပ်ငန်း ဥပဒေနှင့်အညီ ပြသရေး၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ဆင်ဆာမဲ့ ဗီဒီယိုဇာတ်ကားနှင့် စီဒီဓာတ်ပြားခွေများ မပြသရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်က ဗီဒီယိုလုပ်ငန်းရှင်များစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ပြသရေး ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(၂၁၃)**

အိုလံပစ်အားကစားနှင့် စာပေ(စာစီစာကုံး)ပြိုင်ပွဲ တောင်ကြီးတက္ကသိုလ်အင်းလေးခန်းမတွင် ကျင်းပ

တောင်ကြီး မေ ၁၂

အိုလံပစ်အားကစားနှင့် စာပေပြိုင်ပွဲကျင်းပရေးကော်မတီ၏ စာပေနှင့်အားကစားပြိုင်ပွဲများ ကျင်းပရေးပေါင်းကူးမှုအဖြစ် နိုင်ငံတကာအဆင့်တွင် မြန်မာနိုင်ငံမှ ထူးချွန်သူများပါဝင်ယှဉ်ပြိုင်ခွင့် ရှိစေရေးအတွက် အိုလံပစ်အားကစားနှင့် စာပေ(စာစီစာကုံး)ပြိုင်ပွဲအဆင့်(၃) တက္ကသိုလ်ကောလိပ်၊ သိပ္ပံအဆင့်ကို မေ၈ရက်နံနက်၈နာရီက တောင်ကြီးတက္ကသိုလ် အင်းလေးခန်းမ(၁)၌ ကျင်းပသည်။ (အောက်ပုံ)

ကြည့်ရှုအားပေး

ပြိုင်ပွဲ ကျင်းပရာသို့ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်ကျော်နှင့် ဒုတိယပါမောက္ခချုပ် ဦးရေချမ်း၊ ဘာသာရပ် အသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ကြည့်ရှု အားပေးကြသည်။

ရေးသားယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲ၌ တောင်ကြီးတက္ကသိုလ်အထူးပြု ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၀တို့သည် အိုလံပစ် စိတ်ဓာတ်နှင့် အိုလံပစ်တန်ဖိုးကိုရည်ညွှန်းသော(က) အထူးချွန်ဆုံးပုဂ္ဂိုလ်အကြောင်း၊ (ခ) သန့်ရှင်းစွာယှဉ်ပြိုင်မှု၊ (ဂ) ပျော်ရွှင်စွာ ကြိုးပမ်းအားထုတ်မှု၊ (ဃ) အခြားသူများ အပေါ်လေးစားမှု၊ (င) ကိုယ်နှင့်စိတ် အကြားချိန်ဆနိုင်မှုစသည့် ခေါင်းစဉ်များ အနက်မှ မိမိနှစ်သက်ရာတစ်ခုကို စာစီစာကုံးရေးသား ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ပြည်နယ် အား/ကာ)**

လက်ခံရယူ

စမ်းချောင်းမြို့နယ် သုခမိန်လမ်း အမှတ်(၁၀)နေ ကိုခင်မောင်နှင်း–မခင်လှလှထွေး တို့က မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံရယူစဉ်။ (က–ပ)

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ထားဝယ်မြို့၌ ကျင်းပ ထူးချွန်စွာဆောင်ရွက်သူများအား ဂုဏ်ပြုချီးမြှင့်

ထားဝယ် မေ ၁၂

ထားဝယ်ခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ (၅၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက်က ထားဝယ်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံ၊ မီးသတ်တပ်ဖွဲ့၏ တာဝန်ကြီး(၅)ရပ်၊ မီးသတ်လုပ်ငန်းစဉ်ကြီး (၇)ရပ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့် တာဝန်ဝတ္တရားများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင်အတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် မီးသတ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မုံရွာစက်မှုဇုန်စစ်ဆေး

စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်အတိုင်းပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းရန်မှာကြား

ရန်ကုန် မေ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၃ ရက် နံနက်ပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း)သို့ ရောက်ရှိရာ စက်ရုံစီမံကိန်း တာဝန်ခံ ဦးခင်မောင်က စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကုန်ထုတ်စက်များ တပ်ဆင်ပြီးစီးမှု၊ ရေနှင့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှု၊ အဆောက်အအုံနှင့်စက်တပ်ဆင်မှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် စက်ရုံအတွင်း စက်များတပ်ဆင်ပြီးစီးမှုနှင့် ကုန်ကြမ်းနှင့် ကုန်ချောသိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် တိုင်းမှူးနှင့်တာဝန်ရှိသူများနှင့်အတူ မုံရွာစက်မှုဇုန်ရှိ သံရည်ကျိုနှင့် အကြီးစားပစ္စည်းထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က စက်ရုံစတင်တည်ဆောက်ပုံ၊ စက်ရုံရင်းနှီးမြှုပ်နှံမှုနှင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးကစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုပ်ငန်းများ စီမံကိန်းရည်မှန်းချက်အတိုင်း ပြီးစီးအောင်အကောင်အထည်ဖော်ဆောင်ရွက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ ပစ္စည်းများရောက်ရှိမှုနှင့် စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းခွင်စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ ရန်ကုန်- မန္တလေး ခြောက်လမ်းသွားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃၉၃/၃)မိုင်တွင် တည်ဆောက်နေသော ဒန်းချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို မေ ၁၂ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-၁၂)

(သတင်းစဉ်)

စွမ်းရည်ပြသည့် ဆိတ်နှင့်မျောက်



ကြိုးတန်းပေါ်တွင် မတ်တပ်ရပ်ပြနေသော ဆိတ် တစ် ကောင် နှင့် မျောက်လေး တစ်ကောင်အား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အနောက်တောင်ဘက် နန်နင်းမြို့ရှိ နန်နင်း တိရစ္ဆာန်ဥယျာဉ်တွင် အားလပ်ရက်၌ လာရောက် အပန်းဖြေကြသော ပြည်သူများအား ကြိုးတန်းပေါ် မတ်တပ်ရပ်ပြခြင်း၊ လမ်းလျှောက်ပြခြင်း စသည့် ထူးခြားသည့် စွမ်းရည်များကို ဆိတ်တစ်ကောင်နှင့် မျောက်တစ်ကောင်တို့က ပြသခဲ့ကြသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

လှံဖျားများပေါ်တွင် လမ်းလျှောက်သူ

အသက်(၁၃)နှစ်အရွယ် တရုတ် မိန်းကလေးငယ် တစ်ဦး လှံဖျားများပေါ်တွင် လမ်းလျှောက်ပြနေစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအနောက်တောင်ဘက် ကီယန်မြို့တွင် ပြုလုပ်သည့် ရိုးရာ အားကစားပွဲတော်၌ မီရာအိုကွန်ဖူးပညာရှင်၁၀ဦးကျော်က လှံဖျားများပေါ်တွင် လမ်းလျှောက်ပြခြင်း အပါအဝင် အံ့ဩဖွယ်ရာစွမ်းရည်ပြကွက်များကို ပြသခဲ့ကြသည်။

(အင်တာနက်)

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ရာ၌ အဖျက်အန္တရာယ်နှင့် အဖျက်သမားတို့၏ သဘောသဘာဝကို နားလည်သိမြင်ပြီး ကြိုတင်တားဆီးကာကွယ်။

ခေါင်းကြီး (စာ-၂)

❒ အကြမ်းဖက်သမား(Terrorist)များကို ပြည်သူ့စွမ်းအားဖြင့် ဖြိုခွင်းချေမှုန်းရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်း ချစ်ချစ်ခင်ခင် ညီညာဖြဖြ စည်းလုံးညီညွတ်ကြရန်နဲ့ ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့အားလုံး ပြည်သူလုထုနဲ့အတူ သစ္စာဆိုပြီး သန္နိဋ္ဌာန်ပြု။

မောင်သစ္စာ၏ဆောင်းပါး (စာ-၁၀)